စိတ်ကူးချိုချိုအနုပညာ

mgyoe.com

# နေရောင်သည် ရောဂါပိုးကို သေစေသည်

## နှင့် အခြားဆောင်းပါးများ

ခင်မောင်ညို(ဘောဂဗေဒ)





mgyoe.com

# နေရောင်သည် ရောဂါပိုးကို သေစေသည်

## နှင့် အခြားဆောင်းပါးများ

ခင်မောင်ညို(ဘောဂဗေဒ)

ISBN 9789997130174

KMN50

9 789997 130174

2,300.00KS

mgyoe.com

mgyoe.com

mgyoe.com

mgyoe.com

စိတ်ကူးချိုချိုစာအုပ်

# နေရောင်သည် ရောဂါပိုးကို သေစေသည်နှင့် အခြားဆောင်းပါးများ

ခင်မောင်ညို(ဘောဂဗေဒ)

ဒုတိယအကြိမ်၊ ၂၀၂၀

mgyoe.com

mgyoe.com

နေရောင်သည် ရောဂါပိုးကို သေစေသည်နှင့် အခြားဆောင်းပါးများ။ ခင်မောင်ညို(ဘောဂဗေဒ)
စာမျက်နှာ ၁၄၂ မျက်နှာ၊ ၁၄ • ၅ စင်တီ× ၂၀ •၇ စင်တီ

ထုတ်ဝေသူ - ဦးစန်းဦး၊ စိတ်ကူးချိုချိုစာပေ(၀၀၅၃၈)၊ ၈၅၊ ၁၆၄လမ်း၊ တာမွေ၊ ရန်ကုန်။
ပုံနှိပ်သူ - ဒေါ်ခင်မာ၊ စိတ်ကူးချိုချိုပုံနှိပ်တိုက်(၀၀၄၁၂)၊ ၁၁၇၉၊ မစိုးရိမ်လမ်း၊ ရန်ကင်း။
၂၀၂၀၊ ဖေဖော်ဝါရီလ၊ ဒုတိယအကြိမ်၊ အုပ်ရေ ၅၀၀၊
၂၀၁၂၊ အခွင့်အလမ်းစာအုပ်တိုက်ထုတ်၊ ပထမအကြိမ်မူ

ရောင်းဈေး ၂၃၀၀ ကျပ်

*email: skccph@gmail.com ; P.O.Box: 705*
*www.facebook.com/SKCCmyanmarbook*
*www.skccmyanmarbook.com*

mgyoe.com

mgyoe.com

# မာတိကာ


၁။ ရေချိုဘောဂဗေဒ၊ ရေငန်ဘောဂဗေဒ ၁

၂။ ကျောင်းသားဘောဂဗေဒ၊ ကျောင်းသားဘဏ် ၅

၃။ ကမ္ဘာ့စီးပွားရေး ချိန်ခွင်သစ်-အမေရိက ၁၀

၄။ တကယ်အလှည့်အပြောင်းဖြစ်ပြီလား ၁၄

၅။ အများအကျိုးဆောင်ဘဏ္ဍာရေး ၁၉

၆။ ၂၀၀၉ စီးပွားရေးနိုဘယ်လ်ဆုရှင်များ ၂၃

၇။ ရေတိုမှ ရေရှည်သို့ ၂၆

၈။ ၂၀၁၀ နောက်ပိုင်း ကမ္ဘာ့စီးပွားရေး ၃၀

၉။ မရေရာချိန်မှာ ရေရာသည့်ရလဒ် ၃၄

၁၀။ ရာသီဥတုအပြောင်းအလဲကို ဟန့်တားခြင်း ၃၉

၁၁။ နေရောင်သည် ရောဂါပိုးကိုသေစေသည် ၄၃

၁၂။ နေရောင်သည် ရောဂါပိုးကိုသေစေသည် (၂) ၄၈

၁၃။ နေရောင်သည် ရောဂါပိုးကိုသေစေသည် (၃) ၅၃

၁၄။ စီးပွားရေးနွေးကွေးချိန် လူထုဆက်ဆံရေး ၅၈

၁၅။ အချိတ်အဆက်လောက ၆၂

၁၆။ ပြည်သူ့ဝန်ထမ်း ၆၆


mgyoe.com

mgyoe.com


၁၇။ ယဉ်ကျေးမှု တတ်သိနားလည်နိုင်စွမ်း (Cultural Intelligence) ၇၁

၁၈။ စီးပွားရေးအကျပ်အတည်းပြီးပြီလား ၇၅

၁၉။ အစုအဆောင်းကောင်းပုဂ္ဂလိကလုပ်ငန်းများ ၈၀

၂၀။ အင်တာနက်ပေါ်က တံတိုင်းသစ်များ ၈၅

၂၁။ သတင်းစာဈေးကွက် ၈၉

၂၂။ ရေကြည်တစ်ပေါက် ၉၃

၂၃။ စီးပွားရေးပညာနိုဘယ်လ်ဆုရ လုပ်သားဈေးကွက်လေ့လာမှု ၁၀၁

၂၄။ နာမည်ကျော်လှျင် ၁၀၆

၂၅။ ပျော်စရာလား ၁၀၉

၂၆။ ရာသီဥတုအပြောင်းအလဲနှင့်အတူ နေထိုင်ခြင်း ၁၁၂

၂၇။ ဂျာမနီ၏ အလတ်တန်းစားကုမ္ပဏီများက သင်ပေးသော သင်ခန်းစာများ ၁၁၇

၂၈။ စီးပွားရေးလုပ်ငန်းများ အဘယ်ကြောင့်ရှိရသနည်း ၁၂၁

၂၉။ ဘဏ္ဍာရေးဈေးကွက်များအတွက် အရိုန် ၁၂၅

၃၀။ ပြည်သူပိုင်ကဏ္ဍာလုပ်သားများ ၁၃၁

၃၁။ ကုန်စည်ဈေးနှုန်းများနှင့် ကမ္ဘာ့စီးပွားရေး တိုးတက်မှု ၁၃၆

၃၂။ အသွင်ပြောင်းချေးငွေစာချုပ်ဈေးကွက် ၁၄၀


❒

mgyoe.com

mgyoe.com



# ရေချိုဘောဂဗေဒ၊ ရေငန်ဘောဂဗေဒ

ကမ္ဘာ့စီးပွားရေး အကျပ်အတည်းကြောင့် ဘောဂဗေဒပညာရှင်များအကြား အမြင်ကွဲပြားမှုတွေ ပိုကြီးလာသော်လည်း ဘောဂဗေဒပညာရပ်အတွက် ကောင်းကျိုးဖြစ်စေနိုင်သည်။

လွန်ခဲ့သော အနှစ် ၃၀ အတွင်း အမေရိကန်နှင့် ဗြိတိသျှတက္ကသိုလ်များ၌ မေကရိုဘောဂဗေဒ သင်ကြားပြသမှုများအားလုံးသည် စရိတ်ကြီးမားသော အချိန်ဖြုန်းမှု သက်သက်ဖြစ်သည်ဟုပင် ပြောစမှတ်ပြုစရာဖြစ်လာသည်။ အထူးသဖြင့် လွန်ခဲ့သော နှစ်နှစ်အတွင်းတွေ့ကြုံရသော မေကရိုဘောဂဗေဒ အကျပ်အတည်းများကြောင့် ဘာသာရပ်အပေါ် ယုံကြည်မှုအကျပ်အတည်းတွေကို ဖြစ်စေသည်။ သက်သက်သာသာ လျှော့လျှော့ပေါ့ပေါ့ပြောရလျှင် အသုံးမကျ၊ မညှာမတာပြောရလျှင် အန္တရာယ်ဖြစ်သည်ဟုပင် ပြောလာရသည်။

ဘောဂဗေဒဘာသာရပ်ကို ဝေဖန်ကြသူတွေက ဘောဂဗေဒပညာရှင်တွေ ဖြစ်နေတတ်ကြသည်။

သို့သော် မေကရိုဘောဂဗေဒပညာရှင်များအားလုံးက တင်းတိမ်ရောင့်ရဲနေကြသည် မဟုတ်ပါ။ ဘောဂဗေဒပညာရှင် အတော်များများက အိမ်ရာမြေဈေးကွက်ပေါက်ကွဲတော့မည်၊ ဒေါ်လာထိုးကျတော့မည်ဟု တွက်ကြသော်လည်း ဘဏ္ဍာရေးစနစ်ကြီးတစ်ခုလုံး ပြိုလဲမည်ဟု မျှော်လင့်မထားခဲ့ကြပါ။

အကျပ်အတည်း၏ အရင်းအမြစ်ကို ကြိုတင်မတွက်ဆနိုင်ခဲ့ကြသကဲ့သို့ အကျပ်အတည်းကို အကောင်းဆုံး မည်သို့ဖြေရှင်းရမည်ကိုလည်း သဘောတူညီမှုမရကြပါ။

mgyoe.com

mgyoe.com

ဗဟိုဘဏ်က အစိုးရငွေတိုက်စာချုပ်တွေ ပြန်ဝယ်သည်ကဲ့သို့ ပုံမှန်လုပ်နေကျငွေကြေးမူဝါဒ၏ စွမ်းအားကို အထင်ကြီးလွန်းခဲ့ကြသည်။ ယခု အချို့ပညာရှင်တွေက ဘဏ္ဍာရေး မူဝါဒများ၏ စွမ်းအားကို ပစ်ပယ်လိုက်ကြပြန်သကဲ့သို့ မက်မက်မောမောကိုင်တွယ်ထားလိုသူတွေလည်း ရှိနေပြန်သည်။

ဘဏ္ဍာရေးမူဝါဒကို စွဲလမ်းသူတွေက စီးပွားရေးပျက်ကပ်ဖြစ်စဉ်ကာလက ဂျွန်မေနပ်ကိန်းစ်ကဲ့သို့သော ပညာရှင်တွေ၏ အကိုးအကားတွေကို ပြန်အားကိုးကြသည်။ သို့သော် ရှေးဟောင်းသဘောတရားတွေကို အားကိုးအားထားပြုသူများအဖြစ်သူတို့ ဝေဖန်ခံရသည်။ လွန်ခဲ့သော အနှစ် ၇၀ အတွင်း တစ်စုံတစ်ရာ ဘာမျှတိုးတက်မလာခဲ့ဘူးလား မေးစရာဖြစ်နေသည်။ သို့သော် တစ်ဖက်ကလည်း ရှေးခေတ်က ဉာဏ်ပညာတွေ ပျောက်ဆုံးကုန်သော မေကရိုဘောဂဗေဒ အမှောင်ခေတ်ထဲတွင် ရောက်နေသည်ဟု ပြန်ဝေဖန်ကြသည်။

အစဉ်အလာဘောဂဗေဒက ရောင်းလိုအားသည် ကိုယ့်အတွက်ဝယ်လိုအားကို ဖန်တီးသဖြင့် အလုပ်အကိုင် အပြည့်အဝရရှိမည်။ လူတွေက ရရှိသောငွေကို သုံးလျှင်သုံး၊ မသုံးလျှင် ချေးတာကြမည်။ စုဆောင်းထားငွေကို ပြန်လည်ရင်းနှီးမြှုပ်နှံမည်။ ဘယ်အရာကိုမျှ ကိုင်မထား၊ အလကားထားသည့်အရာဟူ၍ ဘာမျှမရှိ။

ကိန်းစ်က ရင်းနှီးမြှုပ်နှံမှုသည် လုပ်ငန်းရှင်တွေ၏ တိရစ္ဆာန်စိတ်နှင့် တူသောစိတ်ပေါ်တွင် မူတည်သည်။ အနာဂတ်ကို ကြိုတင်တွက်ဆ၍မရ။ စုဆောင်းသူတွေဘက်ကို ကြည့်လျှင် မိမိတို့၏ ဥစ္စာစနေကို ငွေအဖြစ် ကိုင်ထားခြင်းက အရင်းအနှီးလုပ်ငန်းစီမံကိန်းများတွင် သုံးသည်ထက်ပိုကောင်းသည်ဟု ယူဆစရာ၊ မသေချာမရေရာမှုတွေ ရှိနေသည်။ ငွေကြေးကို ကိုင်ထားလိုခြင်းသည် ဘဏ္ဍာရေးစာချုပ်စာတမ်းများ၏ ဈေးနှုန်းနှင့် အတိုးနှုန်းကို လွှမ်းမိုးသည်။ မိုက်ရူးရဲစိတ်လျော့ကျပြီး ငွေကိုင်ထားချင်စိတ်တွေ တိုးပွားနေလျှင် ရင်းနှီးမြှုပ်နှံမှု အရှိန်အဟုန်တွေ ကျဆင်းမည်။ ရင်းနှီးမြှုပ်နှံမှု ပြန်လုပ်အောင် ဘယ်အရာကမျှ မစွမ်းဆောင်နိုင်။ ဝယ်လိုအားကလည်း ရောင်းလိုအားကို မမီ။ အလုပ်လုပ်ချင်သူတွေ အလုပ်မရ။ ဝယ်လိုအားပြန်တက်အောင် အစိုးရကသာ လုပ်ရမည်။ အတိုးနှုန်းတွေ ချပေးခြင်း၊ ဆောက်လုပ်ရေးလုပ်ငန်းတွေ လုပ်ခိုင်းခြင်းဟူသော နည်းမျိုးတွေကို သုံးရမည်။

ကိန်းစ်အဆိုပြုခဲ့သော ဝယ်လိုအားစီမံခန့်ခွဲမှုသည် စီးပွားရေးကပ်ကျော်လွန်လာသည့်အချိန်အထိ သက်တမ်းရှည်လာခဲ့သည်။ အစိုးရတွေ၏ ပုံမှန်တာဝန်တစ်ရပ်

mgyoe.com

mgyoe.com


ဖြစ်လာခဲ့သည်။ ဒုတိယကမ္ဘာစစ်အပြီး နှစ်ပေါင်း ၃၀ ခန့် အကြံပေးတွေက ကိုယ်လုပ်နေသောအလုပ်ကို ကောင်းကောင်းနားလည်ကြသည်။ ထိုကာလအတွင်း ငွေဖောင်းပွမှုကို ရှောင်ချင်လျှင် အလုပ်လက်မဲ့မြင့်မည်။ အလုပ်လက်မဲ့နည်းစေလိုလျှင် ငွေဖောင်းပွမှုနှင့် ကြုံကြိုက်မည်ကို သဘောပေါက်ခဲ့ကြသည်။ သို့သော် ၁၉၇၀ ပြည့်လွန်နှစ်များတွင် ရေနံပြဿနာဖြစ်သောအခါ ငွေဖောင်းပွမှုနှင့် စီးပွားရေးနေးကွေးမှုကို တွဲပြီးတွေ့ရသည်။

အမေရိကန်ဗဟိုဘဏ်က ၁၉၈၀ ပြည့်လွန်နှစ် အစောပိုင်းများတွင် ငွေဖောင်းပွမှုကို နိုင်အောင်ထိန်းသည်။ သို့သော် တစ်ဖက်၌ အလုပ်လက်မဲ့ပြဿနာရှိသည်။

အချို့ ဘောဂဗေဒပညာရှင်တွေက စီးပွားရေးတိုးတက်မှု တုံ့ဆိုင်းနေပြီး ငွေဖောင်းပွမှု ဖြစ်နေခြင်းကို ဗဟိုဘဏ်တွေအပေါ် အပြစ်တင်သည်။ ခြေလွန်လက်လွန်လုပ်လွန်းသည်ဟု ယူဆသည်။ သူတို့က အစဉ်အလာ အယူအဆဖြစ်သော ဈေးကွက်က မရောင်းရသောကုန်နှင့် အလုပ်လက်မဲ့ဟူ၍ မရှိအောင် ရှင်းပေးသည်ဟူသည့် အယူအဆကို အခြေခံသည်။ သဘာဝသာသူ လွှတ်ပေးထားတာအကောင်းသား၊ မူဝါဒချမှတ်သူတွေက သဘာဝအတိုင်းဖြစ်နေသော အတက်အကျတွေကို ချောမွေ့အောင် လုပ်ပါမှ ကောင်းကျိုးထက် ဆိုးကျိုးတွေ ပိုရသည်ဟု ယူဆသည်။

သူတို့ကို ဈေးကွက်သန့်သန့်သမားတွေဟု ခေါ်ကြသည်။ သူတို့စုဝေးရာ ရေကန်ဘေး တက္ကသိုလ်တွေကို အကြောင်းပြုပြီး ရေချိုဘောဂဗေဒပညာရှင်တွေဟုလည်း ခေါ်ကြသည်။

ရေချိုဘောဂဗေဒပညာရှင်များ၏ အခြားတစ်ဖက်၌ ရေငန်ဘောဂဗေဒပညာရှင်တွေ၊ လက်တွေ့သမားတွေ ရှိသည်။ ကမ်းရိုးတန်းတစ်လျှောက်ရှိ တက္ကသိုလ်များတွင် နေထိုင်ကြသောကြောင့်လည်း ရေငန်ဘောဂဗေဒပညာရှင်တွေဟု ခေါ်ကြခြင်းဖြစ်သည်။ သူတို့က ငွေဖောင်းပွမှုကို တိုက်နေချိန်တွင် ဆယ်ဂဏန်းနဲ့ချီ၍ အလုပ်လက်မဲ့ ဖြစ်နေကြခြင်းကိုကြည့်လျှင် ဈေးကွက်၏ ဖောက်လွဲဖောက်ပြန်ဖြစ်တတ်သော သဘာဝကိုတွေ့ရမည်။ လုပ်ခတွေက ပြုပြင်ပြောင်းလဲမှုမရှိ၊ ဈေးနှုန်းတွေက ပေကတ်ကတ် ဖြစ်နေသည်။ စီးပွားရေးယန္တရားကြီးထဲကို မူဝါဒချမှတ်သူတွေ ဝင်ပါမှဖြစ်မည်။

၁၉၈၂ ခုနှစ်တွင် စီးပွားရေးနေးကွေးမှု ရပ်သွားခဲ့သည်။ ၂၅ နှစ်ခန့် အေးချမ်းငြိမ်သက်နေခဲ့သည်။ မေကရိုဘောဂဗေဒလည်း ပြန်လည်ဦးမော့လာခဲ့သည်။ ဆန့်ကျင်ဘက် အမြင်နှစ်ရပ်လည်း ပေါင်းစည်းမိလာခဲ့ကြသည်။ ဈေးကွက်သန့်သန့်သမားတွေ

mgyoe.com

mgyoe.com


က ပင်လယ်ရေဘောဂဗေဒသမားတွေ၏ အမြင်ကို လက်ခံစပြုလာသည်။ ပင်လယ်ရေဘောဂဗေဒသမားတွေက ရေချိုဆန်သော ပုံစံမျိုးတွေ လုပ်လာကြသည်။ ဘောဂဗေဒသမားတွေ ပေါင်းစည်းမိသောအချိန်ဟု ဆိုနိုင်သည်။

ဤအချိန်တွင် ဘောဂဗေဒသည် တက္ကသိုလ်နယ်ပယ်မှ ဗဟိုဘဏ်များသို့ ရောက်လာခဲ့သည်။ ငွေဖောင်းပွမှု လျှာထားသတ်မှတ်မှုကို နယူးဇီလန်၊ ကနေဒါ၊ ဗြိတိန်၊ ဆွီဒင်နှင့် အခြား တူရကီကဲ့သို့သော ထွန်းသစ်စနိုင်ငံအတော်များများတွင် ခေတ်စားလာခဲ့သည်။

စီးပွားရေးအကျပ်အတည်းမဖြစ်မီ ၁၀ နှစ်လောက်၊ မေကရိုဘောဂဗေဒက ကိုယ်ဘာလုပ်နေသည်ကို သိသည်။ ပုံစံအသစ်တွေထုတ်ကာ ထိုပုံစံအသစ်တွေက ဗဟိုဘဏ်အတော်များများကို လွှမ်းမိုးခဲ့သည်။

၁၉၉၇-၂၀၀၀ ခုနှစ်ကာလအတွင်း အင်္ဂလန်ဘဏ်၏ အတိုးနှုန်းများ သတ်မှတ်ရေးတွင် ပါဝင်ခဲ့သူတစ်ဦးက ပညာရပ်ဆိုင်ရာ သဘောတရားများသည် ၄င်းတို့အပေါ်တွင် ဩဇာလွှမ်းမိုးမှုရှိခဲ့သည်ဟု ယူဆသည်။ ထိုဩဇာလွှမ်းမိုးမှုကြောင့်ပင် ဒုက္ခရောက်ရခြင်းဖြစ်သည်ဟု မြင်လာသည်။ ဗဟိုဘဏ်တွေ ဈေးနှုန်းတည်ငြိမ်မှု ထိန်းသိမ်းရာမှ ဘဏ္ဍာရေးတည်ငြိမ်မှုရအောင် ပြောင်းလဲဖို့ ယာယီပြောင်းဖို့ လိုအပ်သော ဘဏ္ဍာရေးအကျပ်အတည်းဖြစ်ခါစအချိန်တွင် အဓိက အဟန့်အတားဖြစ်ခဲ့သည်ဟု တွက်ဆသည်။

ယခုခေတ် မေကရိုဘောဂဗေဒပညာရှင်တွေက ကုန်စည်နှင့် ဝန်ဆောင်မှုများ၏ ဈေးနှုန်းကို ကြောင့်ကြစိုက်သော်လည်း အက်ဆက်တွေ၏ ဈေးနှုန်းကို ဥပေက္ခာပြုထားခဲ့သည်။ သူတို့က ဘဏ္ဍာရေးဈေးကွက်အပေါ် ယုံကြည်လွန်းအားကြီးသည်။ အက်ဆက်ဈေးနှုန်းတွေ တွက်ဆကြသည်။ စီးပွားရေးအခြေခံက ဘဏ္ဍာရေးလောကအပေါ် ကျရောက်သော ဩဇာကို ထည့်မတွက်ခဲ့ကြ။ ဘဏ္ဍာရေးလောကအတွင်း လုပ်ပုံကိုင်ပုံတွေကိုလည်း သိပ်ပြီး စိတ်ဝင်စားပုံမရ၊ ဘောဂဗေဒပညာရှင်တွေသည် ရုပ်ဝါဒီတွေဖြစ်နေပုံရသည်။ ငွေတိုက်စာချုပ်တစ်ထပ်ထက် ဂျုံတစ်အိတ်ကို ပိုအရေးကြီးသည်ဟု တွက်ဆသည်။ ဘဏ္ဍာရေးသည် အရေးကြီးသည်ကိုမသိရအောင် ဖုံးအုပ်ထားသော မျက်နှာဖုံးနှင့် တူနေသည်။ ငွေပေးချေရန် ပေးထားသောကတိတွေသည် စားစရာတွေ၊ ရုပ်ဝတ္ထုတွေ မဟုတ်ပါဟု ကဗျာဆရာတစ်ယောက်ပြောသလို ဖြစ်နေသည်။

❐

mgyoe.com

mgyoe.com



# ကျောင်းသားဘောဂဗေဒ၊ ကျောင်းသားဘဏ်

ဘောဂဗေဒကို ရှေ့ကရော နောက်ကရော ဟိုလိုတပ်လိုက်၊ ဒီလိုဖြုတ်လိုက်နဲ့ လုပ်နေပေမဲ့ ကျောင်းသားဘောဂဗေဒ၊ ကျောင်းသားဘဏ်လုပ်ငန်းလို့တပ်ဖို့ တစ်ခါမှ သတိမရဖူးပါဘူး။

ဆရာကြီးဒေါက်တာမောင်မြင့် အမေရိကန်မှာ ကျောင်းတက်စဉ်က ကျောင်းသားတွေစုပြီး နေကြတဲ့အိမ်မှာ အိမ်ရှင်ရဲ့သမီးလေးတစ်ယောက် ရှိတယ်။ သမီးလေးကို သူ့မိဘတွေက မွေးနေ့လက်ဆောင်အဖြစ် ကုမ္ပဏီတစ်ခုရဲ့ ရှယ်ယာတွေ လက်ဆောင်ပေးတယ်။ ကလေးမက ဆရာတို့ဆီလာပြီး သတင်းစာယူဖတ်တယ်။ ရှယ်ယာဈေးအတက်အကျကို အမြဲကြည့်တယ်။ ဆရာတို့က အဲဒီကလေးမဆီကနေ စတော့ရှယ်ယာတွေ အကြောင်းကို ပြန်သင်ရတယ်လို့ ဆိုပါတယ်။ သတင်းစာထဲပါလို့ ဖတ်ရပေမဲ့ ကိုယ့်ဆီမှာ ဘာမျှရှိတာမဟုတ်၊ ဘာမျှလုပ်ကြတာမဟုတ်၊ လက်တွေ့မရှိလှလို့ သိပ်နားမလည်တဲ့အကြောင်း ဆရာကြီးက ပြောပြပါတယ်။

အမေရိကန်တက္ကသိုလ်တွေကနေ ပါရဂူဘွဲ့ရ၊ ကုလသမဂ္ဂလို အဖွဲ့အစည်းတွေမှာ အလုပ်လုပ်ခဲ့၊ စာတမ်းပေါင်းများစွာ ပြုစုရေးသားခဲ့တဲ့ ဆရာကြီးတစ်ယောက်က အခုလိုပြောတော့ ဘယ်ပြည်ပတက္ကသိုလ်မှ မရောက်ဖူး၊ စာအုပ်လေးတစ်အုပ်နှစ်အုပ်ဖတ်ပြီး ထောင်ထောင် ထောင်ထောင်လုပ်နေတဲ့ ကျွန်တော်တို့ဖြင့် ဘယ်ချောင်နေရမှန်းတောင် မသိဘူး။ ဆရာကြီးတွေရဲ့ နှိမ့်ချမှု၊ သူတော်ကောင်းပီသမှုတွေများ ပြောပါတယ်။

mgyoe.com

mgyoe.com


တက္ကသိုလ်ကျောင်းသား တစ်ယောက်အနေနဲ့ ပတ်ဝန်းကျင်အသစ်ကိုရောက်၊ စာတွေနဲ့နပန်းလုံး၊ အိမ်စာတွေအသည်းအသန်လုပ်၊ မိတ်ဆွေတွေ မိသားစုတွေ အရေးကလည်း မပါမဖြစ်ဆိုတော့ ငွေရေးကြေးရေးကိစ္စတွေ စဉ်းစားဖို့အချိန်သိပ်ရမှာ မဟုတ်ဘူး။ ဒါကြောင့် အခြေခံတွေသိထားအောင်၊ အခြေခံတွေကို ဂရုတစိုက်ရှိအောင် ကူညီတဲ့အနေနဲ့ ကျောင်းသားဘောဂဗေဒ၊ ကျောင်းသားဘဏ်လုပ်ငန်းကို အနီးကပ်လက်ပူတိုက်သင်ပေးတာပဲလို့ အမျိုးသားသြစတြေးလျဘဏ် (rab) က ဆိုပါတယ်။

သြစတြေးလျမှာ ကွန်ဖရင့်တက်ဖို့လုပ်တော့ မင်း လေယာဉ်စရိတ်ကို စိုက်ထားဆိုလို့ ပိုက်ဆံချေးပြီး လက်မှတ်ဝယ်တယ်။ လက်မှတ်ဝယ်တဲ့ငွေရပြေစာကို ကြိုပို့ပေးပါဆိုလို့ ပြေစာကို ဓာတ်ပုံရိုက်၊ အင်တာနက်ကနေ ကြိုးစားပမ်းစား ပို့လိုက်တယ်။ ဂျပန်က အစည်းအဝေးတစ်ခုကိုသွားတော့ ရောက်တာနဲ့ လေယာဉ်စရိတ်တွေ၊ နေ့တွက်တွေ အဆင်သင့်ရလို့ ပြန်လို့ရပြီဆိုပြီးတောင် နောက်မိသေးတယ်။ အခုကျတော့ ဟိုတယ်ရောက်တော့လည်းမရ၊ နေ့လယ်စာလည်းမကျွေး၊ ဆွေးနွေးပွဲအပြီး ညနေပိုင်း ဘဏ်မပိတ်ခင် အမျိုးသားတက္ကသိုလ် (Australian National University) ဝင်းထဲက ဘဏ်လေးကိုရောက်သွားပြီး ကိုယ်စိုက်ထားတဲ့လေယာဉ်စရိတ်ကို သြစတြေးလျဒေါ်လာနဲ့ ထုတ်ပေးတယ်။

ရောက်တုန်းရောက်ခိုက် တက္ကသိုလ်ကျောင်းသားတွေဘဝကို လေ့လာချင်ပေမဲ့ ကိုယ်နေတာက သုံးည၊ ကိုယ့်ကိစ္စနဲ့ကိုယ်လည်း အချိန်အပြည့်ဆိုတော့ ဘယ်ကျောင်းဘဝမှ မသိလိုက်ရပါဘူး။ ကိုယ်လိုချင်တဲ့ အမှတ်တရပစ္စည်းလေးတွေတောင် ဘယ်နားရောင်းမှန်းမသိ၊ ပြန်ခါနီးကျမှ အမျိုးသားတက္ကသိုလ်က မြန်မာဆရာမကိုမေးပြီး သူနဲ့ သူ့သူငယ်ချင်းလိုက်ပို့လို့ University Shop ကို ရောက်ပြီး ကမန်းကတန်း ဦးထုပ်လေးတစ်လုံး ဝယ်ခဲ့တယ်။

ဘဏ်ရောက်တော့ ဟိုစပ်စုဒီစပ်စုနဲ့ စပ်စုရင်း Student Banking ဆိုတဲ့ လက်ကမ်းစာစောင်လေးတွေ့တာ ကောက်ယူလိုက်မိတာနဲ့ အခုလိုပြန်ပြောနိုင်တာပါ။ ကျောင်းသားဆိုတာ ပိုက်ဆံတွေပေါပေါများများ လိုချင်သလောက်ရနေတာမျိုး မဟုတ်ဘူး။ အကန့်အသတ်နဲ့ ရထားတဲ့ငွေတွေကို အများဆုံးအကျိုးရှိအောင် ဘယ်လိုလုပ်မလဲဆိုတာ သိဖို့လိုတယ်။

ဘဏ်ရဲ့ ပုံမှန်ဘဏ်လုပ်ငန်းဝန်ဆောင်မှုကို ယူမယ်ဆိုရင် လစဉ်ကြေးမပေးရဘူး။ ဒါပေမဲ့ လစဉ်ကြေးမပေးရတာက တစ်နှစ်အတွင်းသာဖြစ်တယ်။ တစ်နှစ်ကျော်

mgyoe.com

mgyoe.com

ရင် ဝန်ဆောင်ခပေးရမယ်။ သာမန်ဘဏ်လုပ်ငန်းမဟုတ်၊ အပိုဝန်ဆောင်မှုတွေ လိုချင်ရင်လည်း ဝန်ဆောင်ခပေးရမယ်။

ပုံမှန်ဘဏ်ဝန်ဆောင်မှုဆိုတာ အချိန်ပြည့် တက္ကသိုလ်ကျောင်းသားတွေအတွက် ပေးတဲ့ဝန်ဆောင်မှုဖြစ်လို့ တစ်နှစ်ကို ဝန်ဆောင်မှု ဒေါ်လာ ၆၀ လောက် သက်သာမယ်။ အင်တာနက်ဘဏ်စနစ်၊ တယ်လီဖုန်းဘဏ်စနစ်၊ ငွေထုတ်စက်၊ ဗီဇာကြိုတင်ပေးကတ်တွေ သုံးလို့ရမယ်။ ဘဏ်ခွဲတွေကို သုံးနိုင်မယ့်ချက်လက်မှတ်လည်း သုံးနိုင်မယ်။ ကိုယ့်မှာရှိတဲ့ငွေထက် ပိုသုံးချင်ရင် လျှောက်ထားနိုင်တယ်။ ငွေချေးတဲ့သဘောဆောင်လို့ ငွေချေးတဲ့အခါ လိုက်နာရမယ့် သတ်မှတ်ချက်တွေနဲ့ ကိုက်ညီရမယ်။ အတိုးနှုန်းတွေ၊ ဝန်ဆောင်ခတွေ တောင်းခံမယ်။ ငွေကြေးအခြေအနေကို အင်တာနက်မှာ အမြဲကြည့်လို့ရမယ်။ နှစ်တိုင်း ဘဏ်ခွဲတစ်ခုမှာ ကိုယ့်ကျောင်းသားကတ်ကိုပြရင် အချိန်ပြည့်ကျောင်းသား ဖြစ်နေသမျှ လစဉ်ကြေးပေးစရာမလိုဘူး။

ပြဇာတ်သွားကြည့်ချင်တယ်။ ဈေးသက်သာတဲ့ လေယာဉ်လက်မှတ် ဝယ်ချင်တာမျိုးတွေအတွက် Visa ကြိုတင်ပေးကတ်ကို သုံးနိုင်တယ်။ ဒီကတ်က ကိုယ့်ငွေကို ငွေထုတ်စက်ကနေထုတ်ပေးမယ်။ အင်တာနက်ကနေ ဝယ်တာ၊ တယ်လီဖုန်းနဲ့လှမ်းဝယ်တာ၊ ပြည်ပကနေဝယ်တာမျိုးတွေ လုပ်နိုင်တယ်။ လုံခြုံစိတ်ချမှုလည်းရှိတယ်။ ကတ်တွေကို အနက်ရောင်၊ ပန်းရောင်၊ အနီရောင်၊ အဖြူရောင်ရယ်လို့ လေးမျိုးသတ်မှတ်ထားတာ။ ကြိုက်တဲ့အရောင်ကို ကိုင်နိုင်မယ်။ ကြိုတင်ပေးကတ်ဟာ အကြွေးဝယ်ကတ် မဟုတ်ဘူး။ ကိုယ့်ဘဏ်ငွေစာရင်းထဲက ကိုယ့်ငွေကို ထုတ်သုံးတဲ့သဘောပါပဲ။ ဒါပေမဲ့ Visa ကတ်ကိုတော့ ကမ္ဘာပေါ်က ဘယ်နေရာကမဆို အသုံးပြုနိုင်တယ်။ အကြွေးဝယ်ကတ်လည်း မကိုင်ချင်၊ ကတ်လည်း ကိုင်ချင်တယ်ဆိုရင် ကြိုတင်ပေးကတ်ကို သုံးနိုင်တယ်။

ဖြစ်နိုင်သမျှ ဘဏ်ရဲ့ငွေထုတ်စက်ကို သုံးစေချင်တယ်။ ဒါမှ ငွေထုတ်ခ သက်သာမယ်။ ဘဏ်ရဲ့ငွေထုတ်စက်ကလည်း စတိုးဆိုင်ကြီးတွေနဲ့ ဆူပါမားကက်တွေမှာ ရှိတယ်။ နောက်တစ်မျိုးကတော့ ငွေထုတ်စဉ်အခါမှာ ငွေပိုထုတ်ထားရင်လည်း ဖြစ်တယ်။

ကျောင်းသားတစ်ယောက်အနေနဲ့ ငွေစုဖို့ အမြဲတမ်း ငွေပိုငွေလျှံ ရှိနေမှာမဟုတ်ဘူး။ ဘဏ်ကို ခိုင်းထားရင် ဘဏ်ကစုပေးထားပြီး စုငွေလည်းရှိ၊ အတိုးနှုန်းလည်းရမယ်။ နိုင်ငံခြားခရီးသွားမယ့် ကိစ္စမျိုးတွေအတွက် ဘဏ်ကိုစုခိုင်းလို့ရတယ်။ အနည်း
mgyoe.com

mgyoe.com

ဆုံး ဘယ်လောက်စုရမယ်ဆိုတဲ့ သတ်မှတ်ချက်လည်း မရှိဘူး။ ကာလဘယ်လောက်ကြာမယ်လို့လည်း သတ်မှတ်မထားဘူး။ နေ့စဉ်အတိုးတွက်ပြီး လစဉ်အတိုးရမယ်။

ဒီအချက်ကိုကြည့်ရတော့ ကျောင်းသားတွေ ငွေစုတဲ့ အလေ့အကျင့်ဖြစ်အောင်ကိုပါ လုပ်ပေးတာတွေ့ရတယ်။ ကျောင်းသားတစ်ယောက်ရဲ့ စာရင်းကနေ ငွေစုစာရင်းကို တစ်ပတ်ကို ၁၀ ဒေါ်လာ ထည့်တယ်ပဲထား၊ တစ်နှစ်ဆိုရင် ဒေါ်လာ ၅၂၀ ရစေနိုင်တယ်။

ကိုယ့်မှာ ဒေါ်လာ ၅၀၀၀ ကျော် ရှိတယ်။ စုလည်း မစုချင်ဘူးဆိုရင်လည်း ကာလတစ်ခုအတွက် အချိန်ဆိုင်းအပ်ငွေအနေနဲ့ အပ်ထားရင် ပုံသေအတိုးနှုန်းရနေမယ်။ အလွယ်တကူနိုက်သုံးလို့လည်း မရဘူး။ ရက် ၃၀ ကနေ ငါးနှစ်အထိ ကာလ သတ်မှတ်ပြီး အပ်နိုင်တယ်။ ကိုယ်သုံးချင်တဲ့အချိန် ဥပမာ– ကျောင်းပိတ်ရက် ခရစ္စမတ်ဆိုတာမျိုးတွေနဲ့ ကိုက်အောင်လုပ်ပြီး စုနိုင်တယ်။ အတိုးနှုန်းကို ရွေးချယ်နိုင်တယ်။ လစဉ် သုံးလပတ်၊ ခြောက်လ၊ တစ်နှစ် ကြိုက်တဲ့အချိန် အတိုးယူနိုင်တယ်။ ကျောင်းတက်နေရင်း ပုံမှန်ဝင်ငွေရနေနိုင်တယ်။ မမျှော်လင့်တာတစ်ခုခု ဖြစ်လာရင်လည်း ကိုယ့်ပိုက်ဆံ ပြန်ထုတ်လို့ရတယ်။ ဒါပေမဲ့ အတိုးနှုန်းကတော့ မူလသဘောတူထားတဲ့ နှုန်းမဟုတ်ဘူး။ အခုလို ကာလတစ်ခုသတ်မှတ်ပြီး ငွေအပ်တဲ့နည်းဟာ အိမ်ကြီးတစ်လုံး၊ ကားတစ်စီး ဝယ်ဖို့ကိစ္စမျိုးတွေအတွက် ကောင်းတယ်လို့ ဘဏ်က အကြံပေးပါတယ်။

ကျောင်းသားတွေအနေနဲ့ ကွန်ပျူတာအသစ်ဝယ်ချင်တာ၊ ကားဝယ်ချင်တာ၊ အိမ်အတွက် ပရိဘောဂဝယ်ချင်တာတွေ ရှိရင်လည်း ဘဏ်က ငွေချေးလို့ရတယ်။ တခြားဘဏ်တွေက ချေးတာ၊ ဒီဘဏ်က တခြားဖောက်သည်တွေကို ချေးတာတွေထက် အတိုးနှုန်းသက်သာတယ်။ ချေးငွေလျှောက်တဲ့အတွက်ရယ်၊ လစဉ်ဝန်ဆောင်မှုအတွက် အတိုးနှုန်းဆိုတာမျိုးရယ် မရှိဘူး။ ငါးနှစ်လောက်အထိ စောင့်ဆိုင်းပြီးမှ ဆပ်လို့ရတယ်။ ကြားထဲမှာ ပုံမှန်ဆပ်ချင်တဲ့အခါ ဒေါ်လာ နှစ်သောင်းအထိ ချေးနိုင်တယ်။ တစ်ခါတည်းမထုတ်ဘဲ အလီလီခွဲပြီးထုတ်ရင်လည်းရတယ်။ ကိုယ့်ကို အာမခံပေးတဲ့ မိဘ သို့မဟုတ် အုပ်ထိန်းသူတစ်ယောက်ယောက်တော့ ရှိဖို့လိုတယ်။ ဖြစ်နိုင်ရင် ချေးငွေကို မှန်မှန်၊ ခဏခဏ ပြန်ဆပ်ရင် ပေးရတဲ့အတိုးသက်သာမယ်။

Nab ဘဏ်က အကြွေးဝယ်ကတ်ကို လိုချင်ရင်လည်းဖြစ်တယ်။ နောက်ဆုံးပေါ် ပြဇာတ်စာအုပ် ဝယ်ချင်တာတို့၊ အဝတ်အစားအသစ်ဝယ်ချင်တာ၊ စနေနေ့ ညစာ ဝယ်ချင်တာ၊ ငွေတောင်းခံလွှာတွေကို ပေးချင်တာတွေအတွက် သုံးလို့ရတယ်။
mgyoe.com

mgyoe.com


အကြွေးဝယ်ကတ်ကို မထိန်းမသိမ်း အလွန်အကျွံသုံးမိတာမျိုး မဖြစ်ရအောင် ဒေါ်လာ ၅၀၀ လောက်နဲ့ လျှောက်ထားရင်ရတယ်။ ခြောက်လအတွင်း၊ တစ်နှစ်အတွင်း မှာ အခြေအနေတွေ ပြောင်းသွားရင်လည်း ပြောင်းလို့ရပါတယ်။

မူလရှိပြီးသား ကြိုတင်ပေးကတ်တွေ၊ အကြွေးဝယ်ကတ်တွေနဲ့ ပတ်သက်လို့ ဘာဆက်လုပ်ရမှန်းမသိရင်လည်း ဘဏ်ကိုယူခဲ့ပါတဲ့။

လက်ကမ်းကြော်ငြာလေးရဲ့ နောက်ကျောမှာ သတိပေးထားတာတစ်ခု ရှိသေး တယ်။ သူတို့က ယေဘုယျပဲရေးထားတာ။ ကိုယ့်ရည်မှန်းချက်၊ ကိုယ့်ဘဏ္ဍာရေး အခြေအနေနဲ့ ကိုယ့်လိုအင်တွေကို သိတာမဟုတ်ဘူး။ ဒီလက်ကမ်းစာစောင်လေးကပေး တဲ့ အကြံဉာဏ်အတိုင်း တစ်ခုခုမလုပ်ခင် ကိုယ့်အခြေအနေနဲ့ ကိုက်မကိုက် စဉ်းစားဖို့ ပါ ထပ်အကြံပေးပါတယ်။ ဘဏ်ကထုတ်တဲ့ စာရွက်စာတမ်းတွေကိုလည်း သေသေ ချာချာ ဖတ်စေချင်ပါတယ်တဲ့။

အရေးကြီးဆုံးကတော့ ကြွေးဆိုတာ ပြန်ဆပ်ရတယ်။ ပြန်ဆပ်နိုင်ဖို့ မသေချာ ရင် အကြွေးဝယ်ကတ်မယူနဲ့တဲ့။

ဒီစာအုပ်ငယ်လေးက ကျောင်းသားတစ်ယောက် သိသင့်သိထိုက်တဲ့ ဘဏ် လုပ်ငန်းနဲ့ ပတ်သက်တဲ့ အခြေခံတွေ၊ စုနည်းဆောင်းနည်း၊ အပ်နှံနည်း၊ ချေးငှားနည်း တွေကို သင်ပေးတယ်လို့ ထင်မိပါတယ်။ ကျွန်တော်တို့လည်း ကျွန်တော်တို့ ကျောင်း သားတွေကို ဘဏ်သုံးတတ်တဲ့အကျင့်၊ သုံးတတ်တဲ့ဗဟုသုတရှိရင် ကောင်းမယ်၊ ရှိအောင်လုပ်ပေးနိုင်ရင် ကောင်းမယ်လို့ အတွေးပွားမိကြောင်းပါ။

❒

mgyoe.com

mgyoe.com


## ကမ္ဘာ့စီးပွားရေးချိန်ခွင်သစ်-အမေရိက

တစ်ဖက်စောင်းနင်းဖြစ်နေသည့် ကမ္ဘာ့စီးပွားရေးကို ပြန်လည်ချိန်ညှိကြမည်ဆိုလျှင် အမေရိကန်ကစရမည်။ အတိုဆုံးပြောရလျှင် အမေရိကန်တွေ အရိုးစွဲနေကြသော ဈေးအဝယ်ကြမ်းသည့်၊ အကြွေးဝယ်ကောင်းသည့် အလေ့အထတွေကို ရပ်တန့်ရမည်။ အမေရိကန်တစ်နိုင်ငံတည်း ပြုပြင်ပြောင်းလဲရုံနှင့် မပြီးသေး၊ သူ့အပါအဝင် ကမ္ဘာ့ထိပ်တန်းနိုင်ငံကြီးလေးခုက ကမ္ဘာကြီး စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်မှုရရေး အတွက် အပြောင်းအလဲတွေ လုပ်ရမည်။

အမေရိကန်ကိုကြည့်လျှင် ဂျီအီး (General Electric) ကုမ္ပဏီနှင့် တူသည်။ သမိုင်းကြောင်းအရဆိုလျှင် ဂျီအီးသည် ထုတ်လုပ်ရေးလုပ်ငန်းတစ်ခု ဖြစ်သည်။ သို့သော် ဘဏ္ဍာရေးအကျပ်အတည်းဖြစ်ချိန်တွင် ဘဏ်တစ်ခုနှင့် တူနေသည်။ အမြတ်တစ်ဝက်ကို ဘဏ္ဍာရေးလုပ်ငန်းတစ်ခုဖြစ်သော ဂျီအီးကက်ပီတယ်လ် (GE Capital) မှ ရသည်။ ထိုလုပ်ငန်းခွဲက အမေရိကန်စားသုံးသူတွေကို အကြွေးဝယ်ကတ်ပြားတွေ ထုတ်ပေးသည်။ အပေါင်ခံလုပ်ငန်းတွေ လုပ်သည်။ ယခု ထိုလုပ်ငန်းတွေက မူလဂျီအီး ကုမ္ပဏီကို ဆွဲနှစ်နေသလိုဖြစ်သည်။ ထို့ကြောင့် အနာဂတ်တွင် ဘဏ္ဍာရေးလုပ်ငန်းတွေ လျှော့လုပ်တော့မည်ဟု ဆိုသည်။ ထုတ်လုပ်မှုတွေ၊ ပို့ကုန်တွေ ပိုလုပ်ရတော့မည်။

အမေရိကန်နိုင်ငံကြီးတစ်ခုလုံးကလည်း ဂျီအီးကုမ္ပဏီလို အပြောင်းအလဲလုပ်ရမည့် အချိုးအကွေ့တွင် ရောက်နေသည်။ ဆယ်စုနှစ်ပေါင်းများစွာကြာအောင် အမေရိ

mgyoe.com

mgyoe.com


ကန်၏ တိုးတက်မှုကို စားသုံးမှုစရိတ်တွေက ဦးဆောင်ဆွဲတင်ခဲ့သည်။ အက်ဆက်ဈေးနှုန်းတွေ တက်နေခြင်း၊ ဈေးငွေလွယ်လွယ်ရခြင်းတို့ကြောင့် အမေရိကန်တွေအသုံးကောင်း၊ အဖြုန်းကောင်းကာ အိမ်ကြီးကြီးတွေဆောက်၊ အိမ်ထဲသို့ ပစ္စည်းပေါင်းစုံသွတ်ခဲ့ကြသဖြင့် ကမ္ဘာစီးပွားရေးအဆောက်အအုံကိုလည်း အထောက်အကူပြုခဲ့သည်။ စားသုံးမှုအသုံးစရိတ်နှင့် အိမ်ရာမြေလုပ်ငန်းများအတွက် ရင်းနှီးမြှုပ်နှံမှုသည် ၁၉၈၀ ပြည့်နှစ်က တိုင်းပြည်ဝင်ငွေ၏ ၆၇ ရာခိုင်နှုန်းသာ ရှိခဲ့ရာမှ ၂၀၀၇ ခုနှစ်တွင် ၇၅ ရာခိုင်နှုန်းအထိ တက်လာခဲ့သည်။ အိမ်ထောင်စုများ၏ သုံးစွဲနိုင်သောဝင်ငွေ၏ ၁၀ ရာခိုင်နှုန်းကို ၁၉၈၀ ပြည့်နှစ်တွင် စုဆောင်းခဲ့ကြရာမှ ၂၀၀၇ ခုနှစ်တွင် စုဆောင်းမှုမရှိသလောက် ဖြစ်သွားသည်။ အကြွေးက ၆၇ ရာခိုင်နှုန်းမှ ၁၃၂ ရာခိုင်နှုန်းအထိ တက်လာသည်။ ဝင်ငွေထက်ပင် အကြွေးကများနေသေးသည်။ အမေရိကန်တွေက ၎င်းတို့ထုတ်လုပ်သည်ထက် ပိုမိုသုံးဖြုန်းကြသဖြင့် နိုင်ငံ၏ ပြည်ပငွေပေးငွေယူရှင်းတမ်းသာမန်စာရင်းတွင် ၁၉၈၀ ပြည့်နှစ်က ပိုငွေသည် ဂျီဒီပီ၏ သုည ဒသမ လေးရာခိုင်နှုန်းရှိရာမှ ၂၀၀၆ ခုနှစ်တွင် လိုငွေ ခြောက်ရာခိုင်နှုန်းနီးပါး ပြလာခဲ့သည်။

စီးပွားရေးပညာရှင်တွေက ထိုကဲ့သို့ တစ်ဖက်စောင်းနင်းဖြစ်နေပုံတွေ အမေရိကန်တွေ ပိုစုလာပြီး တစ်ကမ္ဘာလုံးက ပိုသုံးလာလျှင် ပျောက်ကွယ်သွားမည်ဟု မျှော်လင့်ကြသည်။ သို့သော် ဇာတ်သိမ်းမကောင်းနိုင်ကြောင်း စိုးရိမ်တကြီးရှိနေကြပြီးဖြစ်သည်။ အမေရိကန်တို့၏ ပြည်ပဈေးငွေတွေတိုးနေသမျှ ဒေါ်လာကို မကိုင်ချင်တော့သည့်၊ မကိုင်ကြတော့သည့် အဖြစ်မျိုးရောက်မည်။ (Dollar Crash) ဖြစ်မည်ကို ပူပန်ကြသည်။ သို့သော်လက်တွေ့တွင် အမေရိကန်စားသုံးသူတွေအပေါ်သို့ ဘဏ္ဍာရေးအကျပ်အတည်းကြီး ပြိုကျသည်။ နေ့ချင်းညချင်း စားသုံးသူတွေ၏ ဥစ္စာခနေ ဒေါ်လာ ၁၃ ထရီလီယံဖိုး ပျောက်သွားသည်။ ယခင်က ဈေးငွေတွေ ကောင်းကောင်းထုတ်ပေးနိုင်ခဲ့သော ဘဏ်စနစ်တွေ ပျောက်သွားသည်။ အသုံးအစွဲတွေ လျှော့ကုန်ကြသဖြင့် ဆယ်စုနှစ်ပေါင်းများစွာအတွင်း အနက်ရှိုင်းဆုံး စီးပွားရေးနေးကွေးမှုနှင့် ကြုံတွေ့ရသည်။

ယခုဆိုလျှင် အမေရိကန်တွေက သုံးစွဲနိုင်သောဝင်ငွေ (အခွန်ဆောင်ပြီး ဝင်ငွေ) ၏ ငါးရာခိုင်နှုန်းကို စုဆောင်းကြရာ လွန်ခဲ့သောတစ်နှစ်ကထက် အလျင်အမြန်ကြီး မြင့်သော်လည်း စစ်ကြိုခေတ် ပျမ်းမျှစုဆောင်းမှုထက် အများကြီးနိမ့်သေးသည်။ သာမန်အရင်းလိုငွေလည်း သိသိသာသာ ကျလာရာ အမေရိကန်တွေ သုံးဖြုန်းမှုနှင့် ရင်းနှီးမြှုပ်နှံမှုတို့ လျှော့နည်းလာသည်နှင့်အမျှ ယခုနှစ်နှင့် လာမည့်နှစ်တွေတွင်

mgyoe.com

mgyoe.com


ဂျီဒီပီ၏ သုံးရာခိုင်နှုန်းအောက် ရောက်မည်ဟု တွက်ဆကြသည်။

စားသုံးမှုလျော့ကျခြင်းကြောင့် အမေရိကန်၏ စီးပွားရေးအဆောက်အအုံကို သိသိသာသာ ပြောင်းလဲစေသည်။ ပုဂ္ဂလိကစုဆောင်းမှုတွေ တက်လာသော်လည်း အစိုးရဘတ်ဂျက်လိုငွေတွေက များနေသည်။ သမ္မတအိုဘားမား၏ ကြီးမားလှသော စီးပွားရေးနှိုးဆွမှု အစီအစဉ်နှင့် လျော့ကျသွားသော အခွန်ငွေတို့ ပေါင်းစပ်မိသောအခါ ဂျီဒီပီ၏ ၁၃ ရာခိုင်နှုန်းအထိ ဘတ်ဂျက်လိုငွေပြရာ ၂၀၀၇ ခုနှစ်ကထက် ၁၂ ရာခိုင်နှုန်း တိုးသွားခြင်းဖြစ်သည်။

အစိုးရက အကြီးအကျယ်သုံးစွဲနေသော်လည်း အမေရိကန်၏ စီးပွားရေး နွေးကွေးမှုသည် နက်ရှိုင်းသကဲ့သို့ ကမ္ဘာကြီးတစ်ခုလုံးအပေါ်တွင် အကျိုးသက်ရောက်မှုလည်း ကြီးမားသည်။ ကျန်ကမ္ဘာကြီးတစ်ခုလုံးက အမေရိကန်၏ ဝယ်လိုအားကို မှီခိုအားထားနေရသော်လည်း ယခုအခါ အမေရိကန်တွေ ခံတွင်းပျက်နေသဖြင့် ကမ္ဘာ့စီးပွားရေးအဆောက်အအုံ၏ တိုးတက်မှုအတွက် အဟန့်အတားဖြစ်ရသည်။ ဘဏ္ဍာရေး အကျပ်အတည်းမဖြစ်မီက အမေရိကန်ဝယ်လိုအားကြောင့် ကမ္ဘာ့တိုးတက်မှုကို အထောက်အကူဖြစ်ခဲ့သော်လည်း ယခုအမေရိကန်တို့က ဆွဲချသလိုဖြစ်နေသည်။

အမေရိကန်ဘဏ္ဍာရေးနှိုးဆွမှု အစီအစဉ်များ အကျိုးသက်ရောက်မှုရှိလာသည်နှင့်အမျှ အမေရိကန်စီးပွားရေးအဆောက်အအုံ တည်ငြိမ်မှုပြလာသည့် အရိပ်အယောင်များကိုလည်း တွေ့လာရသည်။ သို့သော် ကာလလတ်တွင် မည်သို့သောအကြောင်းကြောင့် တိုးတက်မှုရနိုင်မည်ကို စိုးရိမ်ပူပန်နေကြသည်။ ထိုရေတိုကိုကျော်၍ တိုးတက်မှု ရရေးသည် အမေရိကန်တို့အပေါ်၌သာ မူတည်နေသည်မဟုတ်၊ ပိုငွေအကြီးအကျယ်ပြနေသော နိုင်ငံများဖြစ်သည့် တရုတ်၊ ဂျာမနီနှင့် ဂျပန်တို့၏ ပြည်တွင်းဝယ်လိုအားတက်လာမှုအပေါ်တွင်လည်း မူတည်သည်။

အမေရိကန်နိုင်ငံနှင့် ပတ်သက်၍ မေးစရာမေးခွန်းသုံးခုရှိသည်။ စီးပွားရေးတိုးတက်မှုရရေးအတွက် အစိုးရ၏ လှုံ့ဆော်ရေးအစီအစဉ်ကို ဆက်လက်အားကိုးနေရမည်လော၊ စားသုံးသူတွေ နာလန်ထလာမည်လော၊ ပို့ကုန်တွေတက်မည်လော။ အစိုးရ၏ လှုံ့ဆော်ရေးအစီအစဉ်တွေကို တစ်သက်လုံးအားကိုး၍ မရပေ။ ရေတို၌သာ စီးပွားရေး နွေးကွေးမှုကို အဆောတလျင် အဆုံးသတ်လိုပြီး ငွေဖောင်းပွမှုမှ ငွေကျုံ့တွမှု မဖြစ်စေရန် ဘဏ္ဍာရေးလှုံ့ဆော်မှုများနှင့် ငွေကြေးမူဝါဒကို ပေါင်းစပ်ကျင့်သုံးနေကြခြင်း ဖြစ်သည်။ သို့သော် မျှော်လင့်ထားသည်ထက်ပင် ဝယ်လိုအားတွေ ပြန်တက်ရန်

mgyoe.com

mgyoe.com


အချိန်ပေးရပြီး အစိုးရက ဆက်လက်လှုံ့ဆော်ရန် လိုအပ်နိုင်သည်။ သို့သော် အမေရိကန် မူဝါဒချမှတ်သူတွေက ထပ်သုံးရန်ဝန်လေးနိုင်သည်။ အမေရိကန်က အကြွေးတွေ ဖောင်းပွအောင် တမင်သက်သက်လုပ်နေသည်ဟု အစွပ်စွဲခံလိုပုံမရပေ။ ထိုသို့ ထင်ကြလျှင် အတိုးနှုန်းတွေမြင့်ပြီး ဆွဲဆောင်ရမည့်ကိန်းရှိသည်။ ဘဏ္ဍာရေးလှုံ့ဆော်မှု တွေ မရပ်လျှင် ဗဟိုအစိုးရ၏ အကြွေးတွေ နှစ်ဆတက်ကာ တိုင်းပြည်ဝင်ငွေ ၈၂ ရာခိုင်နှုန်း ဖြစ်လာနိုင်သည်ဟု ခန့်မှန်းသော ၂၀၁၉ ခုနှစ်တွင် ငွေတွေ ထပ်သုံးတော့မည် မဟုတ်ပေ။

ဒုတိယကမ္ဘာစစ်အပြီးတွင် စစ်အသုံးစရိတ်တွေ လျှော့သွားခြင်းကြောင့် ၁၉၃၀ ပြည့်လွန်နှစ်များတွင် ကြုံတွေ့ခဲ့ရသော စီးပွားပျက်ကပ်မျိုး ပြန်ဖြစ်မည်ကို စိုးရိမ်ခဲ့ကြသော်လည်း လက်တွေ့၌မဖြစ်ခဲ့ပါ။ ထုတ်လုပ်မှုစွမ်းအားတွေ တက်လာခြင်း၊ ဥရောပနှင့် ဂျပန်တို့တွင် လျင်မြန်စွာ စီးပွားရေးဦးမော့လာခဲ့ကြခြင်းတို့ကြောင့် စစ်ပြီး ကာလတွင် တိုးတက်မှုနှုန်းမြင့်မားခဲ့သည်။ ၁၉၄၆ – ၁၉၈၀ ကာလအတွင်းတွင် အမေရိကန် အိမ်ထောင်စုများသည် သုံးစွဲနိုင်သောဝင်ငွေ၏ ရှစ်ရာခိုင်နှုန်းမှ ၁၀ ရာခိုင်နှုန်းအတွင်း စုဆောင်းခဲ့ကြပြီး ကုန်သွယ်မှုပိုငွေလည်း အတန်အသင့်ရှိခဲ့သည်။

ယခုလည်း ထုတ်လုပ်မှုစွမ်းအား ပြန်မြင့်လာနိုင်သည်။ ဝင်ငွေမြင့်ကာ စုဆောင်းမှုလည်းမြင့်၊ သုံးစွဲမှုလည်းမြင့်လာနိုင်သည်။ သို့သော် ယခုအခါ အမေရိကန်စားသုံးသူတွေအနေဖြင့် အကြွေးတွေလျှော့မှ ဖြစ်မည်။ လွန်ခဲ့သော ဆယ်နှစ်အတွင်း အမေရိကန် စားသုံးသူတွေက ဝင်ငွေ၏ ၁၂ ရာခိုင်နှုန်းမှ ၁၄ ရာခိုင်နှုန်းကို အကြွေးဆပ်ကြသည်။ ၁၂ ဒသမ ၅ ရာခိုင်နှုန်းအထိ တက်လာဖို့ ကောင်းသော်လည်း မတက်ခဲ့။ အကြွေးပြန်ဆပ်ရေး အစီအစဉ်၊ အကြွေးလျော်ပစ်ခြင်းနှင့် အတိုးနှုန်းချခြင်းတို့ကြောင့် ၁၂ ရာခိုင်နှုန်း ဝန်းကျင်သို့ ပြန်ရောက်မည်ဟု တွက်ကြသည်။ ၁၉၉၃ – ၂၀၀၇ ကာလ အတွင်း စားသုံးသူတို့၏ အသုံးစရိတ်ပျမ်းမျှ သုံးဒသမ လေးရာခိုင်နှုန်း တိုးခဲ့ပြီး ယခုလည်း နှစ်ရာခိုင်နှုန်းခန့် တိုးတက်နေဆဲဖြစ်သည်။

အဓိပ္ပာယ်မှာ ပြည်တွင်းတွင် လျော့ကျသွားသော ဝယ်လိုအားနေရာ၌ ပြည်ပမှ ဝယ်လိုအားက အစားထိုးနေရာယူရမည့် သဘောဖြစ်သည်။ အမေရိကန်စီးပွားရေး အဆောက်အအုံသည် အာရှနိုင်ငံများကဲ့သို့ ပို့ကုန်ကို အဓိကဦးစားပေးကာ စားသုံးမှု လျှော့ရသည့် အဓိပ္ပာယ်ဖြစ်သည်။

❒

mgyoe.com

mgyoe.com


## တကယ်အလှည့်အပြောင်းဖြစ်ပြီလား

တကယ်တော့ စီးပွားရေးအကျပ်အတည်းတို့မည်သည် နေ့ချင်းညချင်း ဖြစ်ပေါ်ရိုးထုံးစံ မရှိ။ နှစ်ပေါင်းများစွာ၊ ဆယ်စုနှစ်ပေါင်းများစွာ ကမ္ဘာ့စီးပွားရေး အပြောင်းအလဲမူဝါဒအမှားအယွင်းများ၊ ရင်းနှီးမြှုပ်နှံသူတို့၏ လွဲမှားသောအဆုံးအဖြတ်များ၏ ရလဒ်အဖြစ် ထွက်ပေါ်လာခြင်းဖြစ်သည်။ သို့သော် နှစ်ပေါင်းများစွာ တဖြည်းဖြည်းစုမိနေသော အကြောင်းတရားများက အချိန်ကာလတစ်ခုတွင် ယုံကြည်စိတ်ချမှု ဖောက်ထိုး ထိုးကျကာ ၁၉၉၂ ခုနှစ်တွင် ဝေါလ်စထရိပြိုကွဲခြင်း၊ ၁၉၉၇ ခုနှစ်တွင် ထိုင်းဘတ်ငွေ ထိုးကျခြင်းတို့ကဲ့သို့သော ဖြစ်ရပ်တွေကို ပေါ်ပေါက်စေသည်။ ၂၀၀၈ ခုနှစ်၊ စက်တင်ဘာလ ၁၅ ရက်နေ့တွင် Lehman Brother ဒေဝါလီခံရာမှအစ အနှစ် ၇၀ အတွင်း အဆိုးဝါးဆုံးသော စီးပွားရေးနှေးကွေးမှု ပေါ်ပေါက်လာခဲ့ရသည်။ ထိုအချိန်မှစ၍ ကမ္ဘာတစ်ဝန်းရှိ ဘဏ်လုပ်ငန်းရှင်များက Lehman Brothers ပင် ဒေဝါလီခံလျှင် မည်သည့်ဘဏ် အန္တရာယ်ကင်းတော့မည်နည်းဟူသော ဆီလျော်သည့် မေးခွန်းကို မေးလာကြသည်။ အခြားအခြားသော ဘဏ်တွေလည်း ခေါင်းကိုချာချာလည်လောက်အောင် စိုက်ကျကုန်ခဲ့ကြသည်။

အထိတ်တလန့်ဖြစ်နေသော ဘဏ်တွေက ငွေချေးရန် လက်တွန့်သောအခါ ကမ္ဘာ့စီးပွားရေးလုပ်ငန်းတွေလည်း ထိုးကျကုန်ကြသည်။ အရောင်းအဝယ်တွေ မဖြစ်တော့၊ သင်္ဘောတွေ အကုန်ရပ်ကုန်ကြသည်။ ရေကျာဗစ်မှာ ဆန္ဒတွေပြကြသည်။

mgyoe.com

mgyoe.com


အိုက်စလန်နိုင်ငံက ဒေဝါလီခံရသည်။ ပို့ကုန်လုပ်ငန်းတွေ ရပ်ဆိုင်း၊ အလုပ်သမား သန်းပေါင်းများစွာ အလုပ်ပြုတ်ကုန်ကြသည်။ စီးပွားရေးနေးကွေးမှုသည် အမြန်ကျ အမြန်တက် (U)ပုံ၊ ဖြည်းဖြည်းကျ ဖြည်းဖြည်းတက် (V)ပုံ၊ နှစ်ဆင့်ကျ (W)ပုံ၊ တောက်လျှောက်ထိုးဆင်း (L)ပုံ၊ မည်သည့်ပုံဖြစ်မည်ကို အမျိုးမျိုးကြံဆကြသည်။ ဂျပန်နိုင်ငံဆိုလျှင် အနှစ် ၂၀ ခန့် တိုးတက်မှုမရှိသည့် (L)ပုံနှင့် ရင်ဆိုင်ခဲ့ရသည်။

ယခု တစ်နှစ်ကြာသည့်အခါ (L)ပုံမဟုတ်ကြောင်း တွေ့လာရသည်။ မူဝါဒ ချမှတ်သူတွေ၊ လေ့လာဆန်းစစ်သူတွေက နောက်ဆုံးအခြေအနေကို လက်ကျန်စာရင်း ကောက်ဖို့ ကြိုးစားနေကြသည်။ (L)ပုံဖြစ်မည့် အလားအလာနည်းသည်။ သို့သော် လည်း စီးပွားရေးအခြေအနေတွေက သိပ်မကောင်းလှသေးပါ။

နိုင်ငံတကာငွေကြေးရန်ပုံငွေအဖွဲ့ (IMF) က ယခုနှစ် ကမ္ဘာ့စီးပွားရေး အဆောက်အအုံ တစ်ဒသမ လေးရာခိုင်နှုန်း ကျုံ့မည်ဟု တွက်ဆဟောကိန်းထုတ်ထား သည်။ ဤအခြေအနေသည် ဒုတိယကမ္ဘာစစ်နောက်ပိုင်းတွင် အဆိုးဆုံးအခြေအနေ ဖြစ်သည်။ သို့သော် မှောင်ရိပ်ထဲမှာ ရွက်သစ်တွေ၊ ရွက်နုတွေ၊ အဖူးအညွန့်တွေ ဟိုနေရာသည်နေရာတွေမှာ ပေါ်ပေါက်လာကြသည်ကို တွေ့မြင်နေရသည်။ လွန်ခဲ့သော သုံးလပတ်အတွင်း ဂျပန်၊ ဂျာမနီနှင့် ပြင်သစ်တို့ စီးပွားရေးနေးကွေးမှုမှ ပြန်လည် နာလန်ထလာကြသည်။ အမေရိကန် မည်သည့်နှုန်းဖြင့် ပြန်လည်တိုးတက်နိုင်သည်ကို ဘောဂဗေဒပညာရှင်တွေက တွက်ဆနေကြသည်။ ခေတ္တမျှ တုံ့ဆိုင်းသွားခဲ့ပြီးနောက် တရုတ်နိုင်ငံသည် စွံစွံလမ်းလမ်းဖြစ်နေသော တိုးတက်မှုနှုန်းကို ရရှိကာ သူနှင့်အတူ အာရှကိုလည်း ဆွဲတင်ခဲ့သည်။ စီးပွားရေးနှင့် ဘဏ္ဍာရေး အရည်ပျော်မှုအဆိုးဆုံး အခြေအနေမှ လွတ်ကင်းပြီး ကမ္ဘာတစ်ခုလုံးအနေဖြင့် ပြောရလျှင် စီးပွားရေးနေးကွေး မှုမှ လွတ်မြောက်ပြီဟု ကြွေးကြော်ကြသည်။

စီးပွားရေး ပြန်လည်ဦးမော့လာသည်ကို မြင်တွေ့နေရသော်လည်း အခြားအခြား သော အတိတ်က စီးပွားရေးနေးကွေးမှုတွေကဲ့သို့ အခုချက်ချင်းကျ၊ အခုချက်ချင်း ပြန်တက် ဖြစ်မည်မဟုတ်ပေ။ စီးပွားရေးကျဆင်းမှုသည် အနာဂတ်ကမ္ဘာ စီးပွားရေး အခြေအနေကို အခြေခံကအစ ပြောင်းလဲပစ်လိုက်သည်။ မဟာစီးပွားရေးနေးကွေးမှု (Great Recession) နောက်တွင် ပေါ်ပေါက်လာမည့် ကမ္ဘာသည် ယခင်ကမ္ဘာမျိုး မဟုတ်နိုင်တော့ပေ။

အထူးသဖြင့် ဤစီးပွားရေးနေးကွေးမှုက ကမ္ဘာ့စီးပွားရေးအဆောက်အအုံတွင်

mgyoe.com

mgyoe.com


အမေရိကန်၏ အခန်းကဏ္ဍကို ပြောင်းလဲပစ်လိုက်သည်။ ဆယ်စုနှစ်ပေါင်းများစွာ ကမ္ဘာ့တိုးတက်မှုကို အဓိကဆောင်ကြဉ်းသူမှာ အမေရိကန်စားသုံးသူများ ဖြစ်ခဲ့ကြသည်။ အရင်းအမြစ်တစ်ခုတည်းအပေါ် အားကိုးအားထားပြုခြင်းသည် အန္တရာယ်ကြီးကြောင်း နှစ်ပေါင်းများစွာကပင် သဘောပေါက်နားလည်ခဲ့ကြပြီး ဖြစ်သည်။ ယခုဘဏ္ဍာရေး အကျပ်အတည်းကြောင့် ကြွေးထူအမေရိကန်တွေကို ဇက်ကြိုးသတ်ကာ သူ့နေရာဝင်မည့်သူကို လိုက်ရှာနေကြသည်။ စုဆောင်းတတ်သူတွေကို သုံးစွဲတတ်သူတွေ ဖြစ်စေချင်လွန်းသဖြင့် တရုတ်နိုင်ငံက မော်တော်ကားနှင့် အသုံးအဆောင်တွေ ဝယ်ရန် ထောက်ပံ့ကြေးပေးသည်။ ခိုင်မာသော လူမှုဖူလုံရေးစနစ်တစ်ခု ပေါ်ပေါက်လာရန်လည်း အားထုတ်နေကြသည်။

ပို့ကုန်လုပ်ငန်းကို အဓိကထားသော တရုတ်တိုင်ပေသည်လည်း ဆိုးဆိုးဝါးဝါး ထိခိုက်ခဲ့ရာ ကမ္ဘာလှည့်ခရီးသွားလုပ်ငန်းကဲ့သို့သော ပြည်တွင်းပရိသတ်ကို အဓိကထားသော လုပ်ငန်းမျိုး မြှင့်တင်ရန် အစိုးရက ကြိုးစားနေသည်။ အမေရိကန်ပို့ကုန်ဈေးကွက် ကျဆင်းမှုဒဏ်ကို ခံရရာမှ ရရှိသော သင်ခန်းစာမှာ ပို့ကုန်ဈေးကွက်ကို တစ်နေရာတည်း ဦးမတည်ဘဲ ဖြန့်ကြက်ထားရန် ဖြစ်သည်။

ကြိုးစားအားထုတ်မှု၏ အောင်မြင်မှုရလဒ်တွေကို မြင်တွေ့စပြုနေပြီ။ အာရှဒေသသည် အာရှစားသုံးသူများ၏ ပိုက်ဆံအိတ်ကို အားကိုးကာ စီးပွားရေးနွေးကွေးမှုမှ လွတ်မြောက်ရာသို့ ဦးဆောင်လျက်ရှိသည်။ တရုတ်၊ အိန္ဒိယနှင့် အင်ဒိုနီးရှားတို့သည် ပြည်တွင်းဝယ်လိုအားကြောင့် ကမ္ဘာ့စီးပွားရေး ကျဆင်းချိန်တွင် အခြေမပျက်။ အာရှက လက်သစ်သူဌေးများ၏ ဝယ်နိုင်စွမ်းအားကြောင့် ဒေသတစ်ဝန်း စတင်ဦးမော့လာပြီ။ ထိုလမ်းကြောင်းကို ဆက်ထိန်းထားနိုင်ရန် ကြိုးစားနေကြသည်။ အိန္ဒိယသည် တောင်ကိုရီးယားနှင့်လည်းကောင်း၊ အာဆီယံအသင်းကြီးနှင့်လည်းကောင်း လွတ်လပ်စွာ ကုန်သွယ်ရေး သဘောတူညီချက်ကို လက်မှတ်ရေးထိုးခဲ့သည်။ အမေရိကန်နှင့် ဆက်စပ်မှုကို ဖြတ်ကာ ကိုယ့်အားကိုယ်ကိုး ကုန်သွယ်ရေးအုပ်စုဖြစ်ရန်အရေး ကြိုးစားနေပြီဟု ဆိုလျှင် စိတ်ကူးယဉ်လွန်းရန်ကောဟု ပြော၍မရ။

သို့သော် စီးပွားရေးဦးမော့သည့် လမ်းကြောင်းမစောင်းစေရန် လုံလုံလောက်လောက် ပြုပြင်ပြောင်းလဲမှုတွေ ရှိပါရဲ့လားဟု မေးစရာရှိသည်။ အကျပ်အတည်းကို ဖြစ်ပေါ်စေသော အမေရိကန်၏ ကြွေးမြီနှင့် လိုငွေကတစ်ဖက်၊ အခြားဒေသများတွင် အလွန်အကျွံစုဆောင်းမှုကတစ်ဖက်၊ တစ်ဖက်စောင်းနင်းဖြစ်မှုနှင့် ပတ်သက်၍ ရတက်

mgyoe.com

mgyoe.com


မအေးနိုင်ကြသေး။ ကမ္ဘာ့စီးပွားရေးအဆောက်အအုံကို ဒုက္ခပေးနိုင်သေးသည်။ တိုးတက်မှု ရစေရန် ရည်ရွယ်ချက်ဖြင့် ကားဟောင်းပြန်သွင်း၊ ကားသစ်လဲခိုင်းသည့် လုပ်ရပ်မျိုးသည် အမေရိကန်တွေ သုံးဖြုန်းတတ်သည့် အလေ့အကျင့်တွေ သက်ဆိုးရှည်နေမည်။ ကမ္ဘာကြီးက ဆက်အားကိုးအောင် လုပ်ထားသလို ဖြစ်နေမည်ကို စိုးရိမ်ရသည်။

သွေးတိတ်အောင်တော့ လုပ်ပြီးပြီ။ သို့သော် ကမ္ဘာ့စီးပွားရေးအဆောက်အအုံ သေသေချာချာတိုးတက်ရန် အခြေခံကျကျ လုပ်ပြီးမပြီး မသေချာ။ စားသုံးသူ တစ်ယောက်တည်း၊ အမေရိကန်တစ်နိုင်ငံတည်းကိုသာ အားကိုးနေရလျှင် စီးပွားရေးဦးမော့မှု အားနည်းနိုင်သည်။

ထိုသို့ စားသုံးသူတစ်ဦးတည်းကို အားကိုးရာမှ စားသုံးသူအများကို အားကိုးရန် ကြိုးစားကြရာ၌ အကျိုးများကာ အန္တရာယ်နည်းအောင် မည်သို့လုပ်ကြမည်နည်းဆိုသော ကိစ္စသည်လည်း စိတ်ဝင်စားစရာကောင်းသည်။

ယခုကဲ့သို့ စီးပွားရေးအကျပ်အတည်းမှ အမြန်ဆုံးလွတ်မြောက်အောင် လုပ်ဆောင်နိုင်ခဲ့ခြင်းမှာ အစိုးရနှင့် ဗဟိုဘဏ်များ၏ မကြုံစဖူးသော ဝင်ရောက်စွက်ဖက်မှု၊ သုညနီးပါးသောအတိုးနှုန်း၊ ဘဏ်တွေ ကယ်ဆယ်ရေးအစီအစဉ်၊ စီးပွားရေးနိုးထရေးအစီအစဉ်၊ လုပ်ငန်းအလိုက် အာမခံပေးမှုများ စသည်တို့ကြောင့် ဖြစ်သည်။

သို့သော် ထိုလုပ်ရပ်တွေ မည်သည့်အချိန်အထိ ဆက်လုပ်ကြမည်ဆိုသည့် ကိစ္စသည် စဉ်းစားစရာဖြစ်လာသည်။ လိုအပ်သည်ထက် ပိုကြာသွားလျှင် အက်ဆက်တွေ ဈေးတက်ခြင်းအပါအဝင် အခြားသော ဆိုးကျိုးတွေကို ခံစားရမည်။ စောစောရပ်မိလျှင် W ပုံ စီးပွားရေး နှစ်ကျော့ကျဆင်းမှုနှင့် တွေ့မည်ကို စိုးရိမ်ရသည်။ ထို့ကြောင့် ယခုအချိန်တွင် လှုံ့ဆော်မှုအစီအစဉ်တွေ တော်လောက်ပြီဟုဆိုသံ အနည်းငယ်ကြားနေရသော်လည်း အများစုက ဆက်သုံးကြမည့် အရိပ်အယောင်တွေ့ရသည်။

အထူးသဖြင့် တရုတ်နိုင်ငံတွင် စီးပွားရေးဦးမော့လာသောအခါ ဥစ္စာပစ္စည်းတွေ ဈေးတက်ကုန်ပြီး ဘဏ်များ၏ရှင်းတမ်းကို ဒုက္ခပေးနိုင်သည်။

အသုံးအဖြုန်းတွေ ရပ်သွားသည့်တိုင် အစိုးရ၏ကြီးမားသော အခန်းကဏ္ဍကို ရုတ်တရက် လျှော့ချနိုင်ဖွယ်မရှိ။ နောက်ထပ် စီးပွားရေးအကျပ်အတည်းနှင့် မရင်ဆိုင်စေရန်လည်း အစိုးရတွေက ဦးဆောင်ပြင်ဆင်ရမည်။ နောက်ထပ်ကျမည့်အချိန်အတွက် မပူပန်မိ ယခု စီးပွားရေးအကျကို အသုံးသတ်ကြရဦးမည်။ ၂၀၀၇ ခုနှစ်၊ ဒီဇင်ဘာလမှ

mgyoe.com

mgyoe.com


စ၍ အမေရိကန် ၆ ဒသမ ၇ သန်း အလုပ်ပြုတ်ခဲ့ကြသည်။ အဆိုးဆုံးအခြေအနေကို ကျော်လွှန်ခဲ့သော်လည်း မူလအခြေအနေကို ပြန်မရောက်သေး။ စီးပွားရေးကျဆင်းချိန်တွင် ဆုံးရှုံးသမျှကို ပြန်ကာမိရန်အရေး ခရီးဝေးလှသေးသည်။ ကမ္ဘာကြီး၏ ကျန်းမာရေးအတွက် ကမ္ဘာကြီး ဆုတောင်းလျှော့၍မရသေး။

❒

mgyoe.com

mgyoe.com



## အများအကျိုးဆောင်ဘဏ္ဍာရေး

လန်ဒန်မြို့တော် ဘဏ္ဍာရေးဈေးကွက် စည်းကမ်းထိန်းချုပ်ရေးမှူးချုပ်က ဘဏ္ဍာရေး လောကသည် အများအကျိုးအတွက် အသုံးဝင်သည့်အရွယ်ကို ကျော်လွန်သွားပြီဟု မှတ်ချက်ချသောအခါ လူအတော်များများက သဘောတူ ထောက်ခံကြသည်။ ကြွေး တွေကို ထပ်ပေါင်းခြင်း၊ အလဲအထပ်လုပ်ကြခြင်းဟူသော နည်းလမ်းသစ်များကြောင့် သာမန်လူများပင် အိုးပိုင်အိမ်ပိုင် ဖြစ်သွားစေနိုင်သည်ဟု ယူဆခဲ့ကြသော အယူအဆများ ယခုအခါ ဖောက်ထိုးမိုးမျှော် ဖြစ်ကုန်သည်။

အိမ်ပိုင်ရှင်အသစ်တွေ အိမ်သာဆုံးရှုံးကြသည်မဟုတ်၊ အလုပ်တွေပါ ပြုတ်ကုန် သည်။ သို့ဖြစ်ရာ ဤအကျပ်အတည်းကို အကြောင်းပြု၍ ဘဏ္ဍာရေးနယ်ပယ်တွင် တီထွင်ဆန်းသစ်မှုများသည် လိုအပ်နေသောသူတွေ၏ အကျိုးကို တိုက်ရိုက်ဖြည့်စွမ်းနိုင် သည်ဟု ယုံကြည်လှုပ်ရှားသူများ ပြန်လည်ခေါင်းထောင်လာသင့်သည်ဟု မျှော်လင့်နေ ကြသည်။

ရင်းနှီးမြှုပ်နှံသူများမှအစ လူမှုရေးတက်ကြွသူများအဆုံး လူ ၉၀၀ ခန့် ဆန်ဖရန် စစ္စကို၌ စုဝေးကာ အများအကျိုးပြု အရင်းအနှီးဈေးကွက်တစ်ခု တည်ထောင်ရေးကို ဝိုင်းဝန်းဆွေးနွေးခဲ့ကြသည်။ 'အများအကျိုးပြု စတော့ဒိုင်ပေါ်ပေါက်ရေး' 'စဉ်ဆက် မပြတ် အင်အားကြီးရန်ပုံငွေအဖွဲ့' ကဲ့သို့သော မွန်မြတ်လှသည့် စိတ်ကူးစိတ်သန်း ကောင်းတွေ အတော်များများ တင်ပြခဲ့ကြသည်။

mgyoe.com

mgyoe.com


နယူးယောက်၌ပြုလုပ်ခဲ့သော ကမ္ဘာ့အကျိုးပြု ရင်းနှီးမြှုပ်နှံမှုကွန်ရက် (Global Impact Investing Network)ပေါ်ပေါက်ရေး လှုပ်ရှားမှုတွင် ငွေရေးကြေးရေးအရ အကျိုးရှိသကဲ့သို့ အများလည်းအကျိုးရှိ၊ ပတ်ဝန်းကျင်ကိုလည်း အကျိုးပြုသော ရင်းနှီးမြှုပ်နှံမှုများ ဖန်တီးရန် ရည်ရွယ်လှုပ်ရှားနေကြပြန်သည်။

ကွန်ရက်၏ အဖွဲ့ဝင် ၂၀ ကျော်တွင် ဘဏ်ကြီးများ၊ ပရဟိတလုပ်ငန်းများ၊ အလှူငွေများကို အာဖရိကနှင့် အိန္ဒိယတွင် ကျန်းမာရေးနှင့် ရေသန့်ကဲ့သို့သော ကိစ္စများအတွက် အသုံးပြုနေသည့် အဖွဲ့အစည်းများ၊ ပတ်ဝန်းကျင်ကောင်းမွန်ရေးအတွက် ရင်းနှီးမြှုပ်နှံမှုလုပ်သည့် အဖွဲ့အစည်းများ ပါဝင်သည်။ ထိုကွန်ရက်က သတင်းအချက်လက် မျှဝေရေး၊ အများသဘောတူ စံနှုန်းများသတ်မှတ်ရေး၊ အထောက်အကူပြုဥပဒေနှင့် စည်းမျဉ်းစည်းကမ်းများ ပေါ်ပေါက်ရေးတို့အတွက် ဆောင်ရွက်သွားမည်ဖြစ်သည်။ သူတို့က ငါးနှစ်မှ ဆယ်နှစ်အတွင်း ကမ္ဘာ့အကျိုးပြု ရင်းနှီးမြှုပ်နှံမှု ဒေါ်လာ ၅၀၀ ဘီလျံထိ ဖြစ်လာရန် ရည်မှန်းသည်။

ယခုကဲ့သို့ အများအကျိုးပြု ဘဏ္ဍာရေးလုပ်ငန်းများကို စိတ်ပြန်လည်လာကြခြင်းမှာ-၁။ ဘဏ္ဍာရေးလောကနှင့် ဖောက်သည်များက ကုသိုလ်လည်းရ၊ ငွေလည်းရသော အလုပ်တွေ လုပ်နိုင်သည့်နည်းလမ်းများကို ရှာဖွေတွေ့ရှိလာကြခြင်းသည် အကြောင်းတစ်ခုဖြစ်သည်။ အထူးသဖြင့် ဖွံ့ဖြိုးပြီးနိုင်ငံများမှာထက် ထွန်းသစ်စနိုင်ငံများတွင် ဤလုပ်ငန်းများ ပို၍ခေတ်စားကာ လျှင်မြန်စွာထွန်းကားမည့် အရိပ်အယောင်များ ရှိနေသည်။ လက်တွေ့လည်း လူကြိုက်များသည့် သာဓကတွေရှိသည်။ အလွန်ကြွယ်ဝချမ်းသာကာ နာမည်ပျက်နေသော ဘဏ်လုပ်ငန်းရှင်ကြီးများအတွက်လည်း နာမည်ကောင်းရရန် သုံးနိုင်သည့် နည်းလမ်းတစ်ခု ဖြစ်သည်။

၂။ တစ်ဖန် ငွေလည်းရလို၊ ကောင်းသည့်အလုပ်လည်း ဖြစ်စေလိုသည့် ဆန္ဒရှိသူတွေ ပိုများလာနေသည်။ ထိပ်တန်းတက္ကသိုလ်ကြီးများမှ ကျောင်းသား အဖွဲ့အစည်းများထဲတွင် လူမှုရေးလုပ်ငန်းလုပ်ဆောင်မည့် အသင်းအဖွဲ့တွေ တိုးပွားလာနေသည်ကို တွေ့ရသည်။

၃။ တတိယအချက်အနေဖြင့် ဘဝ၏ အခြေခံလိုအပ်ချက်တွေကို ဖြည့်ဆည်းရေးနှင့် လုပ်ငန်းငယ်များ ရှင်သန်ရေးအတွက် ပုဂ္ဂလိကအရင်းအနှီးနှင့် ကျွမ်းကျင်မှုတွေကို အသုံးချရန် တောင်းဆိုမှုတွေ တိုးပွားလာနေကြခြင်းကြောင့် ဖြစ်သည်။ ၄။ ဤနေရာတွင် အစိုးရများကပါ အားပေးအားမြှောက် လုပ်နေကြသည်ကို တွေ့ရသည်။

mgyoe.com

mgyoe.com


အခွန်အကောက်တွေ လျှော့ပေးခြင်း၊ စည်းမျဉ်းစည်းကမ်းတွေ ပြောင်းပေးခြင်းတို့ကို ပြုလုပ်နေသည်။

တကယ်တော့ အများအကျိုးအတွက် ရင်းနှီးမြှုပ်နှံခြင်းဆိုသည်မှာ အထူးအဆန်း မဟုတ်ပါ။ နှစ်ပေါင်းများစွာ လုပ်လာခဲ့သည့် အတွေ့အကြုံတွေရှိပြီး ဖြစ်သည်။ အများအားဖြင့် ရင်းနှီးမြှုပ်နှံမှုတစ်ခုသည် ကိုယ်ကျင့်တရားနှင့် ကိုက်ညီမှုရှိ၊ မရှိ ကြည့်ကြသည်။ ဆေးလိပ်ကုမ္ပဏီ၊ လက်နက်ကုမ္ပဏီ၊ လောင်းကစားဒိုင်များ၊ ပတ်ဝန်း ကျင်ကို အကြီးအကျယ် ညစ်ညမ်းအောင်လုပ်သူများ၊ အခြားဒုစရိုက်သမားများ၏ အစုရှယ်ယာ ဝယ်ယူရင်းနှီးမြှုပ်နှံမှုတွေမပါရအောင် ဂရုစိုက်ကြသည်။ ဤသို့ စောင့် ကြည့်သဖြင့် ရင်းနှီးမြှုပ်နှံသူတွေက ကောင်းရာကောင်းကြောင်းတွေပဲ လုပ်ကြမလား၊ သူတို့ နေသာထိုင်သာရှိအောင် လုပ်ပေးသလိုမျိုး ဖြစ်နေမလား၊ အငြင်းပွားစရာ ရှိ သည်။

နောက်တစ်နည်းမှာ တန်ဖိုးနည်းအိမ်ရာတွေဆောက်သလို ဆင်းရဲသားတွေ အတွက် အသေးစားချေးငွေနှင့် အခြားဘဏ္ဍာရေးဝန်ဆောင်မှုတွေ ပေးသလို ပတ်ဝန်း ကျင် မညစ်နွမ်းစေသည့် နည်းပညာတွေ ဖော်ထုတ်အသုံးပြုရေးကို အားပေးသလို ရပ်ရွာဖွံ့ဖြိုးတိုးတက်ရေး အစီအစဉ်တွေအတွက် ရင်းနှီးမြှုပ်နှံခြင်းဖြစ်သည်။

ထိုကိစ္စတွေက မထူးဆန်းလှသော်လည်း ထူးဆန်းသောအချက်မှာ အဓိက ဘဏ္ဍာရေး အဖွဲ့အစည်းတွေ၊ ရင်းနှီးမြှုပ်နှံသူတွေက အဆိုပါကိစ္စတွေကို စိတ်ဝင်စား လာကြခြင်း ဖြစ်သည်။ အလှူဒါနပြုကြရာက အမြတ်တွေရလာကြခြင်းကြောင့်လည်း ဖြစ်မည်။ အထူးသဖြင့် အသေးစားငွေကြေးလုပ်ငန်းကို အတော်များများ စိတ်ဝင်စားကြ သည်။ ချေးငွေပေးရန်ထက် ရင်းနှီးမြှုပ်နှံမှုလုပ်ရန် ပို၍ စိတ်ဝင်စားကြသည်။ အခြေခံ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်း၊ အိမ်ရာ၊ ရေသန့်၊ စွမ်းအင်၊ အော်ဂဲနစ် အစား အသောက် လုပ်ငန်းတွေမှာ ရင်းနှီးမြှုပ်နှံရန် စိတ်ဝင်စားလာကြသည်။

အာဖရိကကအငယ်စား၊ အလတ်စားလုပ်ငန်းတွေမှာ ရင်းနှီးမြှုပ်နှံလိုသူတွေ ရှိသည်။ အများပြည်သူဘဏ္ဍာငွေမှ အကုန်အကျခံနေရသော လုပ်ငန်းများ၊ နှစ်ရှည်လ များ အဖြေရှာမတွေ့သော လုပ်ငန်းများတွင် ပုဂ္ဂလိက အရင်းအနှီးတွေသုံးရန်၊ အစိုးရ- ပုဂ္ဂလိက ပူးတွဲလုပ်ဆောင်ကြရန်၊ အစိုးရကပေးနေသော ဝန်ဆောင်မှုတွေကို စရိတ် သက်သက်သာသာနှင့် ပေးရုံသာမက အများအကျိုးပြုလုပ်ငန်းတွေ ဖြစ်လာစေရန်ပါ ဆောင်ရွက်လာကြသည်။ ကမ္ဘာ့အနှံ့ ကာကွယ်ဆေးထိုးပေးသည့် လုပ်ငန်းများတွင်

mgyoe.com

mgyoe.com


လည်း ပုဂ္ဂလိကအရင်းအနှီးတွေ ဝင်လာကြသည်။ ပြည်သူသုံးအိမ်သာသန့်ရှင်းရေး မှအစ မြေဩဇာထုတ်လုပ်ရေးအဆုံး နယ်ပယ်အသီးသီးတွင် ပုဂ္ဂလိကအရင်းအနှီးတွေ ဝင် ရောက်လာကြသည်။

အများအားဖြင့် ပုဂ္ဂလိကအရင်းအနှီးတွေကို လက်ဆောင်တွေ၊ ချေးငွေတွေ အဖြစ် မပေး။ လုပ်ငန်းဆောင်ရွက်မှုအပေါ် မူတည်ပြီးပေးခြင်းဖြစ်သည်။ လုပ်ငန်း လုပ်ဆောင်ရာတွင် အန္တရာယ်နည်းစေရန် ဆောင်ရွက်ပေးခြင်းမျိုး၊ အခက်အခဲလျော့ပါး ကာ အလွယ်တကူဆောင်ရွက်စေရန် လုပ်ဆောင်ပေးခြင်းမျိုး ဖြစ်သည်။ ပေးမည်ဆိုပြီး ကတိပြုထားသော အကူအညီတွေမရလျှင်လည်း ဝင်ပြီးထောက်ပံ့ကြသည်။ လမ်းပန်း ဆက်သွယ်ရေး လုပ်ငန်းများ၌လည်း ဝင်ရောက်ဆောင်ရွက်ကြရန် ရည်ရွယ်သည်။

တစ်နည်းပြောရလျှင် ဆင်းရဲသားတွေအတွက် ဘဏ်ဖွင့်ပေးသည့်အစီအစဉ်၊ ခက်ခဲသော်လည်း လုပ်ဆောင်ရန်လိုအပ်နေသောလုပ်ငန်းတွေကို လုပ်ပေးသည့် အစီအစဉ် ဖြစ်သည်။

အဆိုပါလုပ်ငန်းတွေ မည်မျှအောင်မြင်မှုရှိမည်၊ မရှိမည်ကိုတော့ စောင့်ကြည့်ကြ ရဦးမည်ဖြစ်သည်။ အတွေ့အကြုံမရှိသူတွေ၊ ဘာကိုမျှော်လင့်လို့ မျှော်လင့်ရမှန်း မသိသူတွေကလည်း အများကြီးရှိနေသေးသည်။ စခါစလုပ်ငန်းတို့၏ သဘာဝအတိုင်း မရေရာမသေချာတာတွေကလည်း အများကြီး။ သို့သော် တကယ်တမ်း အများအကျိုး အတွက် ရည်ရွယ်ပြီး လုပ်ဆောင်ကြလျှင် စေတနာအကျိုးပေးမည်မှာ သေချာသည်။

❒

mgyoe.com

mgyoe.com



# ၂၀၀၉ စီးပွားရေးနိုဘယ်လ်ဆုရှင်များ

၂၀၀၉ ခုနှစ်အတွက် နိုဘယ်လ်ဆုတွင် စီးပွားရေးဆိုင်ရာ ဘာသာရပ်အတွက် အိုလီဗာ ဝီလျံဆမ် (Oliver Williamson) နှင့် အီလီနာ ဩစထရွန်တို့ ပူးတွဲရရှိကြသည်။ နှစ်ဦးစလုံးသည် အမေရိကန်ပါမောက္ခများ ဖြစ်ကြသည်။

ပါမောက္ခ ဝီလျံဆမ်သည် လုပ်ငန်းတစ်ခု၏ နယ်နိမိတ်၊ ထိုလုပ်ငန်းများအတွင်း စီးပွားရေးလုပ်ငန်းများလုပ်ရသည့် အကြောင်းတရားများကို အလေးထားလေ့လာသည်။ သူက တစ်ခါတစ်ရံ ရာထူးအနိမ့်အမြင့်များဖြင့် ဖွဲ့စည်းထားသော အဖွဲ့အစည်းများသည် ဈေးကွက်ကို လွှမ်းမိုးတတ်သည်။ အဘယ်ကြောင့်ဆိုသော် ၎င်းတို့သည် ပဋိပက္ခများ ဖြေရှင်းရာတွင် စရိတ်သက်သာသောကြောင့် ဖြစ်သည်ဟု သူကဆိုသည်။ စွမ်းအားစုတစ်ခုကို အကောင်းဆုံး မည်သို့အသုံးချသင့်ကြောင့် ဝန်ထမ်းနှစ်ယောက် အငြင်းပွားလျှင် လုပ်ငန်းတွင်းတွင် တင်ပြပုံ၊ အမိန့်နာခံပုံ ကွင်းဆက်အရ အမှုဆောင် အရာရှိချုပ်တစ်ယောက်ထံ ရောက်သွားပြီး ဘယ်သူမှန်၊ ဘယ်သူမှားသည်ကို ဆုံးဖြတ်သည်။ သို့သော် ဈေးကွက်၌ဆိုလျှင် နှစ်ယောက်စလုံးက သဘောတူညီချက်ရရန် စေ့စပ်ညှိနှိုင်းယူရမည်ဖြစ်ပြီး ထိုသို့လုပ်သည့်အတွက် အချိန်ကုန်ငွေယန်းဖြစ်ရသည်ဟု သူက ဆိုသည်။ ဤနေရာတွင် စေ့စပ်ညှိနှိုင်းသည့်ကိစ္စကို တခြားသူ တစ်ယောက် ယောက်ထံ အပ်နှံခိုင်းစေလျှင် မဖြစ်နိုင်သလောဟု မေးစရာရှိသည်။ တကယ်တော့ တခြားသူတစ်ယောက်ယောက်ကို အပ်နှံခိုင်းစေမည်ဆိုလျှင်လည်း အချိန်ပေးရ၊ ငွေကုန် ကြေးကျရှိတတ်သည်။ ကုမ္ပဏီတစ်ခုအတွင်းတွင်မူ ထိုသို့မဖြစ်ပေ။

mgyoe.com

mgyoe.com


ပါမောက္ခသြစထရွန်၏ သုတေသနသည် အများဆိုင်သယံဇာတ စွမ်းအားစုများကို အုပ်စုလိုက်စီမံခန့်ခွဲမှုနှင့် ပတ်သက်သည်။ သူမ၏ တွေ့ရှိချက်များသည် ဆိုရှယ်လစ်ဝါဒ၏ လွှမ်းမိုးမှုကိုသော်လည်းကောင်း၊ ပုဂ္ဂလိကပိုင် အသွင်ပြောင်းလဲမှုကိုသော်လည်းကောင်း ငြင်းပယ်သည်။

အသုံးပြုသူတစ်စုက သဘာဝသယံဇာတများကို ဘုံပိုင်ပစ္စည်းအဖြစ် အသုံးပြုပုံကို သူမက လေ့လာသည်။ အစဉ်အလာအမြင်အရ ဘုံပိုင်ဆိုင်မှုကြောင့် သဘာဝသယံဇာတများကို အလွန်အကျွံ ထုတ်ယူသုံးစွဲမှုများ ဖြစ်ပေါ်စေသည်။ အများပိုင်ပစ္စည်းအတွက် မည်သူတစ်ဦးတစ်ယောက်တွင်မျှတာဝန်မရှိသလို ဖြစ်ရသည်။ လူတစ်ယောက်ကောင်း၍လည်း ရလဒ်ထူးခြားမည်မဟုတ်ဟု ယူဆကြသည်။ ရေအိုင်တစ်ခုမှ ငါးဖမ်းကြရာတွင် ငါးဖမ်းသူတစ်ယောက်သည် လျှော့ဖမ်း၍အကျိုးမရှိနိုင်၊ ပိုဖမ်းခြင်းသည်သာ သူ့အတွက် ပို၍အကျိုးရှိသည့် နည်းဖြစ်သည်ဟုတွက်ကာ ငါးဖမ်းသူတိုင်းက ငါးတွေပိုဖမ်းသည့်ကိစ္စကို ဥပမာပေးလေ့ရှိကြသည်။

ထိုပြဿနာကို ဖြေရှင်းနိုင်သောနည်းမှာ ၄င်းတို့၏လုပ်ရပ်ကြောင့် ထိခိုက်ဆုံးရှုံးမှုများကို စရိတ်သင့်ပြီး ၄င်းတို့ကိုယ်တိုင် ကျခံတာဝန်ယူစေသည့် နည်းဖြစ်သည်ဟု အဆိုပြုကြသည်။ သယံဇာတများကို ပုဂ္ဂလိကလက်သို့ အပ်ခြင်း၊ အခွန်ကောက်ခြင်း၊ ခွဲတမ်းသတ်မှတ်ခြင်းကဲ့သို့သော စည်းကမ်းများကို အစိုးရက ချမှတ်အရေးယူနိုင်သည်။

ပါမောက္ခသြစထရွန်၏ လက်တွေ့သုတေသနအရ ထိုရှင်းလင်းချက်သည် ရိုးစင်းလွန်းအားကြီးသည်။ ကမ္ဘာတစ်ဝန်းတွင် ဘုံပိုင်ပစ္စည်းတွေကို အံ့သြလောက်အောင် စနစ်တကျစီမံခန့်ခွဲသည့် သာဓကတွေ အများအပြားရှိသည်။ ဘုံအသုံးပြုနေသူများ ကိုယ်တိုင်က အလွန်အကျွံသုံးစွဲမှုကို ဆန့်ကျင်ဟန့်တားသည့် စည်းမျဉ်းစည်းကမ်းများ ဖန်တီးခြင်း၊ ထိုစည်းမျဉ်းစည်းကမ်းများအတိုင်း အရေးယူခြင်းတို့ ပြုလုပ်နိုင်သည်။ ပုဂ္ဂလိကပိုင်ဖြစ်အောင် လုပ်စရာလည်းမလို၊ အစိုးရကလည်း ဝင်ရောက်ထိန်းချုပ်ရန်မလို။ ထိုနည်းလမ်းနှစ်ခုစလုံးသည်လည်း လက်တွေ့လုပ်ဆောင်ရာတွင် အခက်အခဲရှိသည်။

အာရှတိုက်အတွင်းပိုင်းရှိ မြက်ခင်းများကို အစိုးရက သော်လည်းကောင်း၊ ပုဂ္ဂလိက က သော်လည်းကောင်း စိုးရိမ်ပူပန်စရာမလိုဘဲ အုပ်စုတွေက ကောင်းကောင်းစီမံခန့်ခွဲနိုင်ကြသည်။ အစိုးရတွေ၊ ကုမ္ပဏီတွေက စွမ်းအားစုများကြောင့် ဖြစ်ပေါ်လာ

mgyoe.com

mgyoe.com


မည့် လူတစ်ယောက်စီ၏ အကျိုးစီးပွားကို စိတ်ဝင်စားခြင်းမရှိ။ မိမိတို့ အကျိုးအတွက်သာ အသုံးချပြီး၊ အသုံးချမှု အကောင်းဆုံးဖြစ်အောင် ဆောင်ရွက်မည် မဟုတ်။ အုပ်စုတွေက မိမိ မိသားစု၊ မိမိရပ်ရွာရှင်သန်ရေးအတွက် စွမ်းအားစုတွေကို အကောင်းဆုံး၊ အမြင့်ဆုံး အသုံးချသည်ဟု ပါမောက္ခက လေ့လာဖော်ထုတ်ခဲ့သည်။

စွမ်းအားစု သို့မဟုတ် သယံဇာတတစ်ခုကိုပင် အုပ်စုအမျိုးမျိုး ယှဉ်ပြိုင်ရယူမှု ရှိခဲ့သော် ပြိုင်ဆိုင်မှုကြောင့် ငြိမ်းချမ်းသော သို့မဟုတ် စွမ်းရည်မြင့်မားသော ရလဒ်များ ပေါ်ထွက်နိုင်ခြင်း ရှိ မရှိ၊ လေ့လာထား မထားကိုမူ မသိရပေ။

ယခင်နှစ်ကဖြစ်ပွားခဲ့သော ကမ္ဘာ့ချေးငွေအကျပ်အတည်းသည် နိုဘယ်လ်ဆု ရွေးချယ်ရာ၌ ထည့်သွင်းစဉ်းစားစရာဖြစ်မဖြစ် မေးမြန်းရာတွင် ယခင်နှစ်ကဖြစ်ရပ်များ အပေါ် အခြေခံပေးခြင်းမဟုတ်၊ ပြုစုအားထုတ်လေ့လာမှုအပေါ် အခြေခံသည်ဟု နိုဘယ်ဆုကော်မတီက ပြောကြားသည်။

❒

mgyoe.com

mgyoe.com


# ရေတိုမှရေရှည်သို့

ပြီးခဲ့သည့် တစ်နှစ်လုံးလုံးတွင် ကုမ္ပဏီများသည် ရေတိုကာလတွင် ရပ်တည် ရှင်သန်နိုင်ရေးကို ဦးထိပ်ပန်ဆင်ခဲ့ကြသည်။ ၂၀၁၀ ပြည့်နှစ်နောက်ပိုင်းတွင် ရေရှည်အတွက် ပြန်လည်အာရုံစိုက်ရေးသည် အဓိကအချက်ဖြစ်မည်။ စီးပွားရေးပြန်လည်ဦး မော့အောင် လုပ်ရာတွင် ဘယ်ဘက်ကကြည့်ကြည့် ဤကိစ္စသည် အခက်ခဲဆုံးဖြစ်သည်။ အခက်အခဲ အကျပ်အတည်းတွေ ရှိနေချိန်၌ လမ်းပေါ်တွင် ဆက်လိမ့်နေနိုင်ရန် ကျွမ်းကျင်မှု ရှိဖို့လိုသကဲ့သို့ လမ်းကြောင်းမှန် ပေါ်ပေါက်နိုင်ရေးသည်လည်း ခေါင်းဆောင်မှုအပိုင်းကို စစ်ဆေးစိန်ခေါ်နေသည်။

၂၀၀၈ ခုနှစ်၊ စက်တင်ဘာလတွင် Lehman Brother ပြိုကွဲပြီး ဘဏ္ဍာရေး ကသောင်းကနင်းဖြစ်ရာမှ ကမ္ဘာ့စီးပွားရေးအဆောက်အအုံ ကျဆင်းနေချိန်တွင် ရေတိုကိုသာ စဉ်းစားကြခြင်းသည် အခြေခံကျကျ အရေးပါလှသည်။ ဂျီအီးလိုကုမ္ပဏီကြီးတွေပင် လိုအပ်သော ငွေကြေးရဖို့ အသည်းအသန်ကြိုးစားရချိန်တွင် ငွေသည် ဘုရင်တစ်ဆူလို မင်းမူလာခဲ့သည်။ လုပ်ငန်းတွေက အမြတ်ရရေး၊ အနည်းဆုံး ငွေလည်ပတ်ရေးအတွက် အခြေခံမကျသော စရိတ်တွေကို ချွေတာဖြတ်တောက်ကာ လုပ်ငန်းဆက်လက်လည်ပတ်နေစေရန် ကြိုးစားကြရသည်။ လုပ်ငန်း၏ ကြွက်သားတွေကို မလျှော့စေ၊ အဆီပိုတွေကိုသာ လျှော့ပါးအောင် ဂရုစိုက်သော တောင့်တောင့်တင်းတင်း၊ မှန်မှန်ကန်ကန် လည်ပတ်နေသည့် လုပ်ငန်းများသည် ဂရုမစိုက်သော ပြိုင်ဘက်များထက် နာတစ်ဖျားသာကာ အကျပ်အတည်းမှ လွတ်လာမည်။ သို့သော် သူတို့လိုလုပ်ငန်းတွေအတွက်ပင်လျှင် ရုတ်တရက် စီးပွားရေးအပြောင်းအလဲနှင့် အနာဂတ်အတွက် ရှေ့မ

mgyoe.com

mgyoe.com


မသေချာ မရေရာမှုတို့ကြောင့် ဆင်ဆင်ခြင်ခြင်၊ အန္တရာယ်ကင်းကင်း နေနိုင်ရေးက ရေရှည်ရည်မှန်းချက်တွေကို လွှမ်းမိုးသွားစေနိုင်သည်။

အကျပ်အတည်းကြားမှ ရှင်သန်ကျော်လွှန်နိုင်ရန်အတွက် ရေတိုကိစ္စကိုသာ စွဲစွဲလမ်းလမ်း အာရုံစိုက်ခြင်းမှအပ အခြားလမ်းမရှိ။ သို့သော် ဤသို့သော မျက်တောင်မွေး တစ်ဆုံး ရေတိုကို ရှေ့တန်းတင်တတ်သော အလေ့အကျင့်ကြောင့်ပင် ယခုကဲ့သို့ ဒုက္ခရောက်ခဲ့ခြင်း ဖြစ်သည်။ ပို၍ အန္တရာယ်ကြီးသော၊ လောင်းကစားဆန်သော ရင်းနှီးမြှုပ်နှံမှုတွေ ပြုလုပ်ရန် အကြွေးတွေ ဆင့်ကာဆင့်ကာယူခဲ့ရာ ကမ္ဘာ့အစိုးရတွေက ငွေလုံးငွေရင်းနှင့် ဝင်မကယ်၍မဖြစ်သောအခြေသို့ ဆိုက်ရောက်လာခဲ့သည်။ ကုမ္ပဏီများနှင့် ဆက်ဆံရာတွင် ဘဏ္ဍာရေးစနစ်က ရေတိုဗိုင်းရပ်စ်ပိုးကို ပြန့်ပွားအောင် လုပ်ပေးလိုက်ရာ ကိုယ်တိုင်လည်းဒုက္ခရောက်စေသည်။ လုပ်ငန်းအတော်များများ၏ ဒါရိုက်တာအဖွဲ့များသည် နောက်တစ်ကြိမ် အမြတ်များများပိုပြနိုင်ရေး၊ မနက်ဖြန် ရှယ်ယာဈေး ပိုတက်ရေးကလွဲ၍ အခြားမည်သည့်အရာကမျှ အရေးမကြီးသောဘဝသို့ ရောက်လာခဲ့သည်။

၂၀၁၀ ပြည့်နှစ်နောက်ပိုင်းတွင် စနစ်တစ်ခုလုံး ရေရှည်ကာလကို ဦးတည်ရေး အတွက် ဆွေးနွေးငြင်းခုံမှုများ လွှမ်းမိုးနေမည်။ ကုမ္ပဏီအကြီးအကဲတွေကို မည်သို့ လခပေးကြမည့်အကြောင်း ဆွေးနွေးကြမည်။ ဘဏ္ဍာရေးနယ်ပယ်တွင် သဘောတူ စာချုပ်တစ်ခု၊ အရောင်းအဝယ်အပေးအယူတစ်ခု ကောင်းမကောင်း မသေချာသေးမီ ရေတိုကာလတွင် ဆုကြေးငွေများပေးသည့် ပုံစံက တာဝန်မဲ့သည့် ဓလေ့ကို မွေးထုတ်ပေးသည်။ အရောင်းအဝယ်တစ်ခုကြောင့် ကောင်းကျိုးဆိုးပြစ်ရသည်ကို သေသေချာချာ သိပြီးမှ ဆုကြေးပေးသည့်ပုံစံဖြင့် အစားထိုးမည်။

အလားတူပင် ရှယ်ယာရောင်းခြင်း၊ ရှယ်ယာဝယ်ခွင့်ပြုခြင်း အစီအစဉ်များသည် လည်း ရေတိုအကျိုးကိုကြည့်ကာ ဆောင်ရွက်ခဲ့ခြင်းဖြစ်သည်။ ရှယ်ယာဈေးတွေ တက်အောင်လုပ်ပေးသည့် အထက်လူကြီးတွေကို ချီးမြှင့်ခဲ့သည့်ပုံစံ ဖြစ်သည်။ ကုမ္ပဏီ၏ ရေရှည်အကျိုးစီးပွားအတွက် မြှုပ်နှံမှုမပြု။ ထိပ်တန်းအမှုဆောင်အရာရှိများအနေဖြင့် သူတို့ရသော လုပ်ခသည် သူတို့ဦးဆောင်သော ကုမ္ပဏီများ၏ အစုရှယ်ယာအနေဖြင့် ရခြင်းသည် အဓိပ္ပာယ်ရှိသော်လည်း ၎င်းတို့၏ အကျိုးစီးပွားသည် အစုရှယ်ယာရှင် အများစု၏ အကျိုးစီးပွားနှင့် တတ်နိုင်သမျှ ထပ်တူထပ်မျှရှိသင့်သည်။ သူတို့ ကုမ္ပဏီမှ ထွက်သွားပြီး တစ်နှစ်ခန့်ကြာသည့်အထိ ၎င်းတို့၏ ဆုကြေးများကို ဆိုင်းငံ့သိမ်းဆည်း

mgyoe.com

mgyoe.com


ထားသင့်သည်။

စီးပွားရေးလောကက ခေါင်းဆောင်များအနေဖြင့် ရေရှည်အကျိုးစီးပွားကို ဦးစားပေးရန် လစာပေးသည့်စနစ်ကို ပြုပြင်ပြောင်းလဲရေးအတွက် ပြတ်ပြတ်သားသား အရေးယူဆောင်ရွက်ခြင်း မပြုကြလျှင် နောက်အခါ နောင်တရစေနိုင်သည်။ ကမ္ဘာ့ စီးပွားရေးအဆောက်အအုံကို ဒုက္ခရောက်အောင်လုပ်ပြီး လခတွေအဆမတန်ယူကြ၊ ချမ်းသာအောင်လုပ်ကြသောသူတွေအပေါ်ကျရောက်သော အများပြည်သူတို့၏ ဒေါသကို နိုင်ငံရေးသမားတွေက ဂရုစိုက်နေရပြီ။

ကုမ္ပဏီတွေက အရာရှိကြီးများ၏လုပ်ခပေးသည့် ပုံစံကို မပြောင်းလဲဘဲ အချိန်ကြာကြာဆွဲထားလျှင် နိုင်ငံရေးနယ်ပယ်ကပုဂ္ဂိုလ်တွေက ဝင်ပါလာစရာ အကြောင်းရှိသည်။ အမှုဆောင်အရာရှိကြီးတွေရမည့် လခကို ဝင်ရောက်ကန့်သတ်စရာ အကြောင်းရှိသည်။ ထိုသို့ ဆိုပြန်လျှင်လည်း ကြံချင်ဖန်ချင်စိတ်၊ ဉစ္စာခနေတိုးပွားအောင် လုပ်လိုစိတ်တွေ လျော့ပါးသွားစေနိုင်သည်။ ပိုကောင်းသောနည်းမှာ လုပ်ရည်ကိုင်ရည် ကောင်းလျှင် ချီးမြှင့်၊ လုပ်ရည်ကိုင်ရည် ညံ့လျှင် ဆုကြေးတွေချီးမြှင့်ခြင်း မပြုသည့် နည်းကို ကျင့်သုံးနိုင်သည်။

သို့သော်လည်း လစာပေးပုံပေးနည်းတစ်ခုတည်းကို ပြုပြင်ပြောင်းလဲခြင်းဖြင့် ရေရှည်အကျိုးစီးပွားအတွက် ကျင့်သုံးမည်ဟု အာမမခံနိုင်ပေ။ ဒါရိုက်တာအဖွဲ့ အကြီးတန်း အမှုဆောင်အရာရှိအချင်းချင်း၊ ဒါရိုက်တာနှင့် ရှယ်ယာဝင်အဖွဲ့အစည်းများ၏ ဆက်ဆံရေးတွေကိုပါ ကျယ်ကျယ်ပြန့်ပြန့် ပြုပြင်ပြောင်းလဲရန် လိုအပ်သည်။ ယခုဆိုလျှင် ရှယ်ယာဝင်အဖွဲ့အစည်းတွေက ကုမ္ပဏီများ၏ ပိုင်ဆိုင်မှုကို လွှမ်းမိုးစပြုလာကြပြီ။ ထိုအဖွဲ့အစည်းများထဲတွင် ပင်စင်ရန်ပုံငွေအဖွဲ့များ၊ စုပေါင်းရန်ပုံငွေအဖွဲ့များကဲ့သို့သော ရေတိုကို ဦးစားပေးသည့်အတွက် ကောင်းကောင်းကြီးအပြစ်တင်ထိုက်သော အဖွဲ့တွေ ပါဝင်သည်။ သူတို့တစ်တွေကလည်း လောလောဆယ် ရှယ်ယာဈေးတွေကိုသာ အာရုံစိုက်တတ်ကြသည်။ သူတို့ ရင်းနှီးမြှုပ်နှံသော လုပ်ငန်းတွေနှင့် ရေရှည်ဆက်ဆံရေးထက် ဝယ်လိုက်ရောင်းလိုက် လုပ်နေရသည်ကိုသာ သဘောကျကြသည်။ သေသေချာချာ စဉ်းစဉ်းစားစား မဲပေးကြသည်မဟုတ်။ အထူးသဖြင့် စီမံခန့်ခွဲသူများ၏ ဆန္ဒကို မလွန်ဆန်ရဲကြ။

၂၀၁၀ ပြည့်နှစ်နောက်ပိုင်းတွင် အများပြည်သူတို့အနေဖြင့် လူအများစု၏ အငြိမ်းစားစုဆောင်းငွေများကို စီမံခန့်ခွဲပေးသော အဆိုပါအဖွဲ့အစည်းများ ရေရှည်တန်ဖိုး

mgyoe.com

mgyoe.com


ရှိရေးကို ဂရုစိုက်ရန် မည်သို့လုပ်ရမည်ကို စဉ်းစားရမည်။ တာဝန်ကျေကျေ၊ ချိန်ချိန်ဆဆ လုပ်တတ်ရန် သတ်မှတ်ပေးရမည်။ အစုရှယ်ယာရှင်များနှင့် ရေရှည်ဆက်ဆံရာတွင် အကျိုးကျေးဇူးအများဆုံးရှိနိုင်သော စီးပွားရေးလောကခေါင်းဆောင်များက တက်တက် ကြွကြွ ပါဝင်စေသင့်သည်။ ကုမ္ပဏီ၏ အုပ်ချုပ်မှုပြုပြင်ပြောင်းလဲရေးအတွက် ဗွတ်အတင်း ဆန့်ကျင်နေမှုမျိုး မဖြစ်ရအောင် ဆောင်ရွက်ပေးရမည်။

အကျပ်အတည်းကြောင့် ကမ္ဘာ့စီးပွားရေးအဆောက်အအုံ၏ ပုံသဏ္ဍာန်ကို ပြောင်းလဲသင့်သကဲ့သို့ ကုမ္ပဏီများသည်လည်း လိုက်လျောညီထွေ လိုက်ပါပြောင်းလဲသင့်သည်။ ပထမနည်းလမ်းမှာ တီထွင်ဆန်းသစ်မှုများအတွက် ပို၍ ရင်းနှီးမြှုပ်နှံရန်ဖြစ်သည်။ ခြိုးခြံချွေတာတတ်သော စားသုံးသူတွေ၏ လိုအင်ကို ဖြည့်ဆည်းပေးမည်။ ဈေးချိုသော ထုတ်ကုန်တွေ ထုတ်လုပ်ပေးရမည်။

ယခုကတည်းကပင် တိုးတက်မှုပြန်လည်အားကောင်းစ ပြနေသော တရုတ်တို့ကဲ့သို့သော ထွန်းသစ်စနိုင်ငံတွေကို ပိုဂရုစိုက်ရမည်။ စက်မှုနိုင်ငံကြီးများသည် လတ်တလော ထိုသို့ တိုးတက်လာမည့် အလားအလာမရှိသေး။ ရှေ့ရေးကို မျှော်တွေးတတ်သော နိုင်ငံစုံကုမ္ပဏီတွေက သူတို့၏ အရာရှိကြီးတွေကို ဖွံ့ဖြိုးဆဲနိုင်ငံများသို့ပို့ကာ ဈေးကွက်အကြောင်း ပိုနားလည်အောင် ကြိုးစားရမည်။

ကောင်းတာတွေ ကောင်းကောင်းလုပ်သော နိုင်ငံသားကောင်းပီသည့် ကုမ္ပဏီတွေ ဖြစ်လာစေရန်၊ ပြည်သူလူထုက ရေရှည်ကို ဦးစားပေးသည့် ကုမ္ပဏီများအဖြစ် လက်ခံရှုမြင်လာစေရန်၊ ငွေရရေးတစ်ခုအတွက်သာမဟုတ်၊ ပိုကောင်းသော ကမ္ဘာဖြစ်ရေး အတွက်ပါ လုပ်ဆောင်လျက်ရှိကြောင်း ပြသရမည်။

တကယ်တော့ ထိုလုပ်ငန်းစဉ်များသည် အပြောလွယ်သလောက် အလုပ်ခက်သည်။ ရေတိုတွင် လိုအပ်သော်လည်း ခက်ခဲသောဆုံးဖြတ်ချက်တွေ ချမှတ်ရာမှ ရှောင်လွှဲနိုင်ရန်အတွက် ဆင်ခြေအဖြစ် တလွဲသုံးသွားနိုင်သည်။ ရေရှည်ကိစ္စတွေသည် ကိုယ့်လက်ထက်မှာဖြစ်မည့် ကိစ္စတွေမဟုတ်၊ နောင်လာနောက်သားတွေ လက်ထက်နှင့် သက်ဆိုင်သည်ဟု အကြောင်းပြနိုင်သည်။

စီးပွားရေးလောကက စဉ်ဆက်မပြတ်သည့် နည်းလမ်းကို မရွေးချယ်ခဲ့လျှင် နောက်အကျပ်အတည်းကို ကြာကြာစောင့်ရမည်မဟုတ်။

❒

mgyoe.com

mgyoe.com


## ၂၀၁၀ နောက်ပိုင်း ကမ္ဘာ့စီးပွားရေး

ဒုတိယကမ္ဘာစစ်နောက်ပိုင်းတွင် အဆိုးဝါးဆုံးသော စီးပွားရေးကျဆင်းမှုမှ ကမ္ဘာ့စီးပွားရေးအဆောက်အအုံ ပြန်လည် ဦးမော့လာနေချိန်တွင် မူဝါဒချမှတ်သူများသည် စိန်ခေါ်မှုများကိုရော အခွင့်အလမ်းများကိုပါ ရင်ဆိုင်ရစရာရှိသည်ဟု နိုင်ငံတကာငွေကြေးရန်ပုံငွေအဖွဲ့၏ အကြီးအကဲက ဆိုသည်။ ရင်ဆိုင်ရမည့် စိန်ခေါ်မှုများထဲတွင် တိုးတက်သောနိုင်ငံများမှ အနှောင့်အယှက်ဖြစ်ရလောက်အောင် မြင့်မားနေသော အလုပ်လက်မဲ့နှုန်းများနှင့် ပြင်မဆုံးသေးသော ယိုယွင်းနေသည့် ဘဏ္ဍာရေးကဏ္ဍများ ပါဝင်သည်။ ထွန်းသစ်စနိုင်ငံများနှင့် ဝင်ငွေနိမ့်နိုင်ငံများ၌ တိုးတက်မှုရရေးအတွက် ပြည်ပကို သိပ်အားမကိုးတော့ဘဲ ပြည်တွင်းကို ပို၍ အားကိုးအားထားပြုရန်လိုအပ်မည်။ ပြည်ပမှ ဝယ်လိုအားတွေ၊ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုတွေနှင့် ချေးငွေတွေကအားနည်းနေဆဲ ဖြစ်သည်။ တစ်ဖက်တွင် ပိုမို လုံခြုံတည်ငြိမ်သော ဘဏ္ဍာရေးစနစ်တစ်ခု၏ အခြေခံအုတ်မြစ်ကောင်းများ ချမှတ်ရန်နှင့် ဤနည်းအားဖြင့် စဉ်ဆက်မပြတ်စီးပွားရေးတိုးတက်မှုရရှိရန် အခွင့်အလမ်းကောင်းများ ရှိနေသည်။

ထိုအခွင့်အလမ်းကောင်းများ အများဆုံးပေါ်ထွက်ရေးတွင် နိုင်ငံတကာပူးပေါင်းဆောင်ရွက်မှုသည် အရေးကြီးသည်။ အကျပ်အတည်းဖြစ်နေချိန်တွင် ကမ္ဘာတစ်ဝန်းရှိ မူဝါဒချမှတ်သူများ၏ လျင်မြန်စွာအရေးယူဆောင်ရွက်မှု၊ အထူးသဖြင့် တညီတညွတ်တည်း စီးပွားရေးနှိုးဆွမှု အစီအစဉ်များ ဝိုင်းဝန်းဆောင်ရွက်ခဲ့ကြမှုသည် ပို၍နက်ရှိုင်းသော အကျပ်အတည်းမဖြစ်စေရန် ဆောင်ရွက်ရာတွင် အရေးပါသော အခန်းကဏ္ဍမှ ပါဝင်ခဲ့သည်။

mgyoe.com

mgyoe.com


သို့သော် ထိုသို့ နိုင်ငံတကာပူးပေါင်းဆောင်ရွက်ရမည့် အရေးသည် ပို၍ခက်ခဲလာဖွယ်ရှိသည်။ နိုင်ငံအဆင့် မူဝါဒများသည် မည်သို့ တင်းတင်းကျပ်ကျပ် ချမှတ်သင့်ကြောင်းနှင့် ပတ်သက်၍ ထွန်းသစ်စနိုင်ငံများ၌ သဘောထားတွေ ကွဲလွဲနေကြသည်ကို တွေ့ရသည်။ တစ်နိုင်ငံနှင့်တစ်နိုင်ငံ စီးပွားရေးဦးမော့သည့်နှုန်းနှင့် သဘောသဘာဝ ကွဲပြားကြရာ ထိုသို့ သဘောထားလည်း ကွဲပြားနိုင်ကြောင်း ကြိုတင်၍မျှော်လင့်ထားနိုင်ပါသည်။ သို့သော် အချို့တိုင်းပြည်များက စောစောစီးစီး တင်းကျပ်သော ဘဏ္ဍာရေးမူဝါဒတွေ ချမှတ်လိုက်မည်ဆိုလျှင် ကမ္ဘာ့စီးပွားရေးဦးမော့မှုကို ထိခိုက်ကာ လမ်းချော်သွားစေနိုင်သည်။ ထိုအန္တရာယ်များကြောင့် မူဝါဒချမှတ်သူများအနေဖြင့် ငွေဖောင်းပွမှုကို ထိန်းထားနိုင်မည်ဆိုလျှင် အတိုးနှုန်းတွေ နှိမ့်ထားပေးပြီး ဆက်လက်ထောက်ပံ့ခြင်း၊ ကမ္ဘာ့စီးပွားရေးအဆောက်အအုံ စီးပွားရေး ပြန်လည်နေးကွေးမှု မဖြစ်ရစေရန် အစိုးရအသုံးစရိတ်တွေ သုံးစွဲခြင်းတို့ ဆက်လက်ပြုလုပ်ရန် ပြင်ဆင်ထားသင့်သည်။

ဘဏ္ဍာရေးနယ်ပယ်တွင် ကွဲပြားနေသော အမျိုးသားအကျိုးစီးပွား အမျိုးမျိုးကို ကျော်လွှားနိုင်ရန်အတွက် နိုင်ငံတကာပူးပေါင်းဆောင်ရွက်မှုကို အရှိန်မြှင့်တင်ရန် လိုအပ်ပါသည်။ သို့မှသာ အဓိပ္ပာယ်ရှိသော ပြုပြင်ပြောင်းလဲမှုများ ပြုလုပ်နိုင်မည် ဖြစ်သည်။ ဤနယ်ပယ်တွင် တိုးတက်မှုရရှိအောင် ဆောင်ရွက်ရေးသည် ဘဏ္ဍာရေးကဏ္ဍ တည်ငြိမ်မှုရရှိရေး၊ ပြည်သူလူထု၏ ယုံကြည်စိတ်ချမှု ပြန်လည်ရရှိရေးတို့အတွက် အရေးကြီးပါသည်။

နိုင်ငံတကာကုန်သွယ်ရေး ပြန်လည်ဦးမော့မှုဖြင့် ထောက်ကန်ထားသော ကမ္ဘာ့စီးပွားရေးတိုးတက်မှု ပြန်လည်ချိန်ညှိမှုဖြင့်သာ နှစ်လတ်ကာလများအတွက် ဆက်လက်စီးပွားရေးဦးမော့နေစေရန် အထောက်အကူဖြစ်စေနိုင်ပါသည်။ ပို့ကုန်ကို အကြောင်းပြု၍ စီးပွားရေးတိုးတက်အောင်လုပ်ကာ နိုင်ငံတကာငွေပေးငွေယူရှင်းတမ်း သာမန်စာရင်းတွင် ပိုငွေပြနေကြသော နိုင်ငံများအနေဖြင့် ပြည်တွင်းဝယ်လိုအားနှင့် သွင်းကုန်တို့အပေါ် ပို၍ အားကိုးရန်လိုအပ်ပါမည်။ ထိုသို့ ပြုပြင်ညှိနှိုင်းရာတွင် အထောက်အကူပြုသော မူဝါဒများထဲ၌ အိမ်ထောင်စုများ ချေးငွေရရှိရေး၊ လူမှုဖူလုံရေးစနစ်များ အင်အားဖြည့်တင်းရေးတို့ ပါဝင်ပါသည်။ ပြုပြင်ညှိနှိုင်းရေး လုပ်ငန်းစဉ်များတွင် ငွေဖလှယ်နှုန်းမြင့်မားရေးသည်လည်း တစ်စိတ်တစ်ဒေသအားဖြင့် ပါဝင်ပါမည်။ ထိုအပြောင်းအလဲများသည် အစဉ်အလာအားဖြင့် သာမန်စာရင်း လိုငွေပြနေသောနိုင်ငံများ၊ အက်ဆက်

mgyoe.com

mgyoe.com


ဈေးနှုန်းများ ပေါက်ကွဲထိုးကျသွားမှုဒဏ်ကို ခံစားနေရသောနိုင်ငံများ၌ ပြည်တွင်းဝယ်လိုအားကျဆင်းမှုကို ထေမိသွားစေနိုင်သည်။

၂၀၁၀ ပြည့်နှစ်နောက်ပိုင်းတွင် တိုးတက်မှုရရေးအတွက် ရောင်းလိုအားပြုပြင်ပြောင်းလဲမှုကို အထောက်အကူပေးသော မူဝါဒများလိုအပ်သည်။ ဘဏ္ဍာရေးကဏ္ဍကို အလျင်အမြန် ပြုပြင်ပြောင်းလဲခြင်းသည် ချေးငွေနှင့် အရင်းအနှီးဈေးကွက်များ ဦးမော့မှုကို မြန်ဆန်စေနိုင်သည့်အပြင် ရင်းနှီးမြှုပ်နှံမှုနှင့် စားသုံးမှုတို့ကိုလည်း အထောက်အကူပြုလိမ့်မည်။ လုပ်သားဈေးကွက် ပြုပြင်ပြောင်းလဲမှုများသည် အကျပ်အတည်းဒဏ်ကို ခံရသော လုပ်ငန်းစုများမှ အလုပ်သမားများ ပိုမိုတောင့်တင်းသော စီးပွားရေးကဏ္ဍများကို ရွှေ့ပြောင်းနိုင်ရေးအတွက် အထောက်အကူဖြစ်စေနိုင်သည်။ အထူးသဖြင့် ဝန်ဆောင်မှု လုပ်ငန်းများ အပါအဝင် ထုတ်ကုန်ဈေးကွက် ပြုပြင်ပြောင်းလဲမှုများသည် အလုပ်အကိုင်သစ်များ ဖန်တီးရေးနှင့် ထုတ်လုပ်မှုစွမ်းအား မြှင့်တင်ရေးတို့ကို ပြုလုပ်ပေးနိုင်သည်။

ရေရှည်ကိစ္စကို စဉ်းစားသည့်အခါ ၂၀၁၀ ပြည့်နှစ်နောက်ပိုင်းတွင် နိုင်ငံတကာငွေကြေးစနစ် ခိုင်မာတောင့်တင်းရေးအတွက် ကမ္ဘာကြီးက အရေးကြီးသော ခြေလှမ်းများ လှမ်းနေသည်ကို တွေ့မြင်ရသည်။ စောစောက ဘဏ္ဍာရေးအကျပ်အတည်းများ လွန်သွားသည့်အခါ ထွန်းသစ်စနိုင်ငံအတော်များများသည် နိုင်ငံခြားသီးသန့်ရန်ပုံငွေများ စုပုံကာ နိုင်ငံတကာအရင်းအနှီးဈေးကွက်နှင့် အဆက်မပြတ်ရေး အာမခံတစ်ခုအဖြစ် လုပ်ခဲ့သည်။ သို့သော် ထိုသို့ နိုင်ငံခြားသီးသန့်ရန်ပုံငွေများ စုဆောင်းခြင်းသည် မတည်မငြိမ် ဖြစ်စေနိုင်သော အင်အားတစ်ရပ်ဖြစ်သွားပြီး ကမ္ဘာတစ်ဝန်း တစ်ဖက်စောင်းနင်းဖြစ်ရန် အားဖြည့်ပေးသည်။ (အချို့နိုင်ငံများ၌ ပိုငွေတွေတစ်ပုံတစ်ခေါင်း ရှိနေခြင်းသည် အခြားနိုင်ငံများ၌ လိုငွေတွေ တစ်ပုံတစ်ခေါင်းကြီး ဖြစ်စေနိုင်သည်) ထိုငွေတွေကို ပညာရေးနှင့် လမ်းပန်းဆက်သွယ်ရေးကိစ္စကဲ့သို့သော လုပ်ငန်းများတွင် ပြည်တွင်း၌ ရင်းနှီးမြှုပ်နှံနိုင်သည်ဟု နိုင်ငံတကာငွေကြေးရန်ပုံငွေအဖွဲ့ အကြီးအကဲက ယူဆသည်။

သူက နိုင်ငံတကာငွေကြေးရန်ပုံငွေအဖွဲ့ အနေဖြင့် ကမ္ဘာ့နောက်ဆုံး ငွေချေးငှားသူ ဟူသည့် ပို၍အရေးကြီးလာသော တာဝန်ကို ယူမည်ဟု မျှော်လင့်သည်။ ၂၀၀၉ ခုနှစ်တွင် အဖွဲ့ဝင်နိုင်ငံများသည် ချေးငွေကို ဒေါ်လာ ၇၅၀ ဘီလျံအထိ သုံးဆတိုးကာ ထုတ်ချေးရန် ဆုံးဖြတ်ခဲ့ကြသည်။ အထူးငွေထုတ်ခွင့် (Special Drawing Rights) ကို ဒေါ်လာ ၂၈၃ ဘီလျံဖိုး ထုတ်ပေးကာ ကမ္ဘာ့ငွေရရှိနိုင်မှု မြင့်မားလာစေရန်လည်း

mgyoe.com

mgyoe.com


ဆုံးဖြတ်ခဲ့ကြသည်။ သို့သော် ထိုမျှဖြင့် မလုံလောက်ပါ။ အကျပ်အတည်းက ရှင်းရှင်းလင်းလင်း ပြလိုက်သည့်အတိုင်း မြန်မြန်ဆန်ဆန် ပြင်းပြင်းထန်ထန် ဖြစ်ပွားသော ဘဏ္ဍာရေးပြဿနာမျိုးကို ဖြေရှင်းရန် ကမ္ဘာအတွက် ငွေကြေးအရန် ကြီးကြီးမားမား၊ များများစားစား လိုအပ်သည်။ နိုင်ငံတကာငွေကြေးရန်ပုံငွေအဖွဲ့ မည်မျှရန်ပုံငွေ လိုအပ်မည်၊ မည်သည့်ပုံစံဖြင့်လိုအပ်မည်ဆိုသော ကိစ္စတွေကို နိုင်ငံတကာငွေကြေးရန်ပုံငွေအဖွဲ့၏ အနာဂတ်နှင့် ပတ်သက်သော ဆွေးနွေးပွဲများတွင် သိသိသာသာ ပါဝင်နိုင်သည်။

နိုင်ငံတကာငွေကြေးရန်ပုံငွေအဖွဲ့အနေဖြင့် ကမ္ဘာ့နောက်ဆုံး ငွေချေးသူအဖြစ် ထိထိရောက်ရောက် ဆောင်ရွက်ရန် အရေးတကြီး လိုအပ်ချက်တစ်ရပ်မှာ အုပ်ချုပ်ပုံအုပ်ချုပ်နည်း ပြုပြင်ပြောင်းလဲရန်ဖြစ်သည်။ အစ္စတန်ဘူလ်၌ ကျင်းပခဲ့သော နှစ်ပတ်လည် အစည်းအဝေးတွင် နိုင်ငံတကာ ငွေကြေးရန်ပုံငွေအဖွဲ့ဝင်နိုင်ငံများ အားလုံးက အတည်ပြုခဲ့သော အပြောင်းအလဲများတွင် ထွန်းသစ်စနှင့် ဖွံ့ဖြိုးဆဲနိုင်ငံများအား ပိုမို၍ မဲပေးခွင့်ပြုခြင်းလည်း ပါဝင်သည်။ တစ်ချိန်တည်း၌ပင် အဆင်းရဲဆုံးအဖွဲ့ဝင်နိုင်ငံများ၏ မဲပေးခွင့်ကိုလည်း ကာကွယ်စောင့်ရှောက်ပေးသည်။ ဤအချက်များနှင့် အခြားအုပ်ချုပ်ရေး အပြောင်းအလဲများကို အကောင်အထည်ဖော်ရေးသည် အဖွဲ့ဝင်များအား နိုင်ငံတကာငွေကြေးရန်ပုံငွေ အဖွဲ့က အလုပ်အကျွေးပြုနိုင်စွမ်းကို မြှင့်တင်ရေးတွင် ခရီးရောက်သည်ဟု နိုင်ငံတကာငွေကြေးရန်ပုံငွေအဖွဲ့ အကြီးအကဲက ဆိုသည်။

❐

mgyoe.com

mgyoe.com


## မရေရာချိန်မှာ ရေရာသည့်ရလဒ်

တစ်ခါတစ်ရံတွင် ကိုယ့်အသင်းအဖွဲ့ သို့မဟုတ် ကိုယ့်ကုမ္ပဏီသည် အခြေအနေဆိုး တွေနှင့် ရင်ဆိုင်ရတတ်သည်။ အတက်ခရီး ကြမ်းတမ်းခြင်း၊ ပတ်ဝန်းကျင် အခြေ အနေ ဆိုးဝါးခြင်းတို့နှင့် တွေ့ရသည်။ မည်သူမျှ ခပ်ဝေးဝေး အနာဂတ်ကို ကြိုမမြင်နိုင်။ ယနေ့ခေတ်အခြေအနေကို ကြည့်လျှင် အတိတ်ကကြုံခဲ့ရသော စွန့်စားမှုများသည် ယခုကြုံတွေ့နေရသော စွန့်စားမှုများနှင့် နှိုင်းယှဉ်လျှင် မပြောပလောက်သော အခြေ အနေသို့ ဆိုက်ရောက်သွားသည်။ အနာဂတ်တွင် ကြုံတွေ့ရမည့် အကျပ်အတည်းများ သည် ယခုကြုံတွေ့ခဲ့ပြီးဖြစ်သည့် အကျပ်အတည်းများထက် ပို၍ဆိုးဝါးနိုင်သည်။

ဤနေရာတွင် ထူးချွန်ထက်မြက်သော ခေါင်းဆောင်များ အရေးပါလာသည်။

ထူးခြားသော ခေါင်းဆောင်များသည် သေချာရေရာသော၊ ခိုင်မာသောနိယာမ များ၊ ဥပဒေသများကို အခြေခံသူများဖြစ်သည်။ မရေရာမသေချာသော အချိန်၊ အပြောင်းအလဲများသော အချိန်၌ပင် သေချာရေရာသော၊ ခိုင်မာသောဥပဒေသတွေကို စွဲကိုင်ထားသည်။ ကမ္ဘာကြီးသည် မရေမရာဖြစ်နေပြီး ကြိုတင်တွက်ဆ၍မရသည်ကို သဘောပေါက်သည်။ သို့သော်လည်း သေချာရေရာသောရလဒ်တွေ ထွက်ပေါ်လာ အောင် ဆောင်ရွက်နိုင်ကြသည်။

သူတို့ ဘယ်လိုလုပ်ကြသနည်း။

တောင်တက်ခရီးတစ်ခုလို စဉ်းစားလျှင် ပြိုင်ဘက် တောင်တက်သူအတော်များ များက တောင်ခြေရောက်မှ ပြိုင်ပွဲကထွက်သွားကြသည်။ သူတို့ စွမ်းအားမရှိ၍၊ စွမ်းရည်မရှိ၍ မဟုတ်။ တကယ်တော့ တောင်တက်ခရီးသည် အသင်းလိုက်အဖွဲ့လိုက် လုပ်ရသော ကိစ္စဖြစ်သည်။ ရှုံးထွက်သွားသော အသင်းတွေသည် အနိုင်ရသည့်အသင်း

mgyoe.com

mgyoe.com


တွေလို စနစ်တကျ၊ စည်းကမ်းရှိရှိ ကြိုးပမ်းအားထုတ်ခြင်းမရှိကြ။ အောင်မြင်သော အသင်းများ၏ အသင်းဝင်တွေသည် ကိုယ်လုပ်ရမည့်အလုပ်ကို ခိုကတ်မနေဘဲ တိတိကျကျ လုပ်ဆောင်ကြသည်။ တစ်ယောက်ကိုတစ်ယောက် ယုံကြည်မှုအပြည့်ဖြင့် လုပ်ဆောင်နိုင်ကြသည်။ ချမှတ်ထားသော မဟာဗျူဟာအတိုင်း ရှေ့ခရီးဆက်ဖို့ အမြဲတမ်း အာရုံစိုက်နေကြသည်။ ရနိုင်သမျှ အခွင့်အလမ်းတွေအားလုံးကို ရယူသည်။

ထိုအတိုင်းမဟုတ်ပါက အသေးအဖွဲအမှားလေးတွေစုမိပြီး ကြီးမားသောပျက်စီးယိုယွင်းမှုတွေ ဖြစ်ကုန်မည်။

ကမ္ဘာတစ်ဝန်းက ပုဂ္ဂလိကပိုင်၊ အများပိုင် အဖွဲ့အစည်းပေါင်း ထောင်ချီ၍ လေ့လာကြည့်သောအခါ ဤစည်းကမ်းမရှိခြင်းကြောင့်ပင် တကယ့်အကျပ်အတည်းဟူသော တောင်ပေါ်၌ ကွာခြားသွားကြခြင်းဖြစ်သည်။ အဖွဲ့အစည်း ၁,၁၀၀ က အလုပ်ခွင် ၁၇,၀၀၀ ရှိ ဝန်ထမ်း ၃၀၀,၀၀၀ တို့ကို လေ့လာမှုများ ပြုလုပ်ခဲ့သည်။ လုပ်ငန်းခွင် ၅,၀၀၀ ကျော်မှ လူတွေကို လူတွေ့မေးမြန်းခဲ့သည်။ အင်တာဗျူးလုပ်ရာမှ ရလာသောရလဒ်တွေနှင့် ဘဏ္ဍာရေး၊ လုပ်ငန်းလည်ပတ်မှု၊ ဖောက်သည်တွေ အလေးထားမှု စစ်တမ်းများ လုပ်ထားသော အလားတူအဖွဲ့အစည်းကြီးတွေမှရသည့် အချက်အလက်တွေနှင့် ပေါင်းစပ်သည်။ ထိုအခါ ရှေ့ကပြေးနေသူတွေနှင့် နောက်က လိုက်နေသူတွေကို ခွဲနိုင်လာသည်။

## မရေရာချိန်၌ အတားအဆီး လေးပါး

ပြင်သစ် တောင်တက်စက်ဘီးပြိုင်ပွဲကဲ့သို့ပင် မရေရာသည့်အချိန်များ၌ လမ်းရှာနေကြသော ကုမ္ပဏီများသည်လည်း အဓိကအခက်အခဲ အတားအဆီးလေးခုနှင့် ရင်ဆိုင်ရသည်။ ၄င်းတို့မှာ…

၁။ လုပ်ဆောင်ရန်ပျက်ကွက်ခြင်း

၂။ ယုံကြည်မှု အကျပ်အတည်း

၃။ အာရုံစိုက်မှုမရှိခြင်း

၄။ အကြောက်တရား တို့ဖြစ်သည်။

၁။ **လုပ်ဆောင်ရန်ပျက်ကွက်ခြင်း** – အကျပ်အတည်းနှင့် ရင်ဆိုင်ရချိန်တွင် သေသေချာချာ စဉ်းစားကာ မဟာဗျူဟာတွေထုတ်သည်။ မေးစရာမှာ ထိုမဟာဗျူဟာတွေကို

mgyoe.com

mgyoe.com


လက်တွေ့လုပ်ပါရဲ့လားဟု ဖြစ်သည်။ တချို့က လုပ်သည်၊ တချို့က မလုပ်။ တချို့ဆို ဘယ်တော့မှ လုပ်မည်မဟုတ်။ ပြီးတော့ တောင်မရောက်၊ မြောက်မရောက် အလယ်ကလူတွေ ရှိသေးသည်။ သူတို့သာ တကယ်အလုပ်လုပ်သောလူတွေနှင့် ပေါင်း မိလျှင် အတော်ကြီးအလုပ်ဖြစ်နိုင်သည်။

၂။ **ယုံကြည်မှုအကျပ်အတည်း** - မသေချာမရေရာသည့်အချိန်များတွင် ယုံကြည်မှုတွေ ကျဆင်းတတ်သည်။ ယုံကြည်စိတ်ချမှု အကျပ်အတည်းကြောင့် စတော့ရှယ်ယာ ဈေးကွက်တွေ ပြိုကွဲရသည်။ လူတွေက ကိုယ့်အဖွဲ့အစည်းကို ကိုယ်မယုံကြည်ကြ။ ချိုင့်တွေကျင်းတွေ ပြည့်နှက်နေသော မသေချာမရေရာသည့် လမ်းပေါ်တွင် လူတွေ အားလုံး အရှိန်လျှော့ကုန်သည်။ စီးပွားရေးနှေးကွေးမှုဟု ခေါ်ကြခြင်းမှာ အကြောင်းမဲ့ မဟုတ်။

၃။ **အာရုံစိုက်မှုမရှိခြင်း** - စွမ်းအားစုတွေကနည်း၊ ဝန်ထမ်းတွေက ပိုနည်းလာ သော်လည်း ရှုပ်ရှုပ်ထွေးထွေးတွေ ပိုများလာသည်။ လူတွေက တစ်ပြိုင်တည်းအလုပ် နှစ်ခု၊ သုံးခု လုပ်ရသည်။ အလုပ်နှစ်ခုလုပ်ရသောသူသည် တစ်ခုတည်းသာလုပ်ရသော သူ၏ တစ်ဝက်ခန့်သာ အာရုံစိုက်နိုင်ပြီး တစ်ဝက်လောက်သာ ကောင်းကောင်းလုပ်နိုင် သည်။

၄။ **အကြောက်တရား** - စီးပွားရေးအကျပ်အတည်းသည် စိတ်ပိုင်းဆိုင်ရာ အကျပ် အတည်းလည်းဖြစ်သည်။ လူတွေက အလုပ်ပြုတ်မည်ကိုကြောက်ကြသည်။ အငြိမ်းစား ယူချိန်အတွက် စုထားသော စုငွေတွေပျောက်သွားမည်ကို ကြောက်ကြသည်။ အိမ်တွေ ပျောက်သွားမည်ကို ကြောက်ကြသည်။ အကြောက်တရားတွေ စုမိနေသည်။ ဤသို့ စုမိခြင်းကြောင့် ထိခိုက်နစ်နာမှုတွေ ရှိသည်။ လူတွေ အာရုံစိုက်ရ၊ လုပ်ရမည့် အချိန်တွင် အာရုံမစိုက်ဘဲ ခပ်ချာချာဖြစ်နေကြသည်။

ထိုအတားအဆီးလေးခုသည် အခက်အခဲ အကျပ်အတည်းနှင့် တွေ့ချိန်တွင် တစ်ပြိုင်တည်းဖြစ်ပေါ်လေ့ရှိသည်။ အတားအဆီးတစ်ခုကလည်း အခြားအတားအဆီး တွေကို အထောက်အကူပြုသည်။ ယုံကြည်မှု အကျပ်အတည်းကြောင့် အကြောက် တရားတွေ ဖြစ်ပေါ်စေသည်။ အာရုံစိုက်မှုမရှိခြင်းကြောင့် မဟာဗျူဟာကို အကောင် အထည်ဖော်ရာတွင် အန္တရာယ်ဖြစ်စေနိုင်သည်။ ထိုအချိန်မျိုး၌ ကိုယ့်မဟာဗျူဟာကို ပီပီပြင်ပြင် အကောင်အထည်မဖော်နိုင်။

တောင်တက်စက်ဘီးသမားတွေလို တောင်ပေါ်တွင် အောင်မြင်မှုရရန်အတွက်

mgyoe.com

mgyoe.com


ထိုအခက်အခဲ အတားအဆီးလေးခုကို ဖျော့်လင့်ထားရမည်။ ထိုအခက်အခဲ အတား အဆီးတွေကို ကျော်လွှားနိုင်ရမည်။

၁။ ဦးစားပေးအစီအစဉ်တွေချကာ ထူးထူးချွန်ချွန် လုပ်ဆောင်ရမည်။

၂။ ယုံကြည်မှု၏အရှိန်ဖြင့် လျင်မြန်သွက်လက်စွာ လှုပ်ရှားရမည်။

၃။ နည်းနည်းနှင့် ကျဲကျဲဝိုင်းနိုင်ရမည်။

၄။ အကြောက်တရားကို လျှော့ချရမည်။

## ၁။ ဦးစားပေးအစီအစဉ်တွေချကာ ထူးထူးချွန်ချွန်လုပ်ဆောင်ရမည်

ထူးချွန်သော၊ အောင်မြင်သော ကုမ္ပဏီတွေမှာ မကြာခဏ ပြန်လည်သုံးသပ် ထားသော ရိုးရှင်းသည့်ရည်မှန်းချက်ပန်းတိုင်တွေရှိသည်။ ရှင်းရှင်းလင်းလင်း လျာထား ချက်တွေ ရှိသည်။ ရလဒ်ကို တိုင်းတာခြင်းအပါအဝင် သေသေချာချာ လိုက်လံဆောင် ရွက်မှု ရှိသည်။ တကယ့်အသင်းကြီးတွေလို အသင်းဝင်တွေအားလုံးက ရည်မှန်းချက်ကို အကောင်အထည်ဖော်ရေးအတွက် မိမိတို့၏ အခန်းကဏ္ဍတွေကို သိသည်။ ပြီးတော့ တိတိကျကျလည်း လုပ်ဆောင်သည်။

## ၂။ ယုံကြည်မှု၏အရှိန်ဖြင့် လျင်မြန်သွက်လက်စွာ လှုပ်ရှားရမည်

ယုံကြည်စိတ်ချမှုနိမ့်လျှင် အစစအရာရာ နှေးသွားပြီး စရိတ်တွေတက်စေသည်။ ထို့ကြောင့်ပင် စီးပွားရေးအကျပ်အတည်းနှင့် ကြုံချိန်တွင် စီးပွားရေးအဆောက်အအုံရော ဖောက်သည်တွေ ငွေသားစီးဆင်းမှုတွေပါ နှေးသွားခြင်းဖြစ်သည်။ သို့သော် ယုံကြည်မှု အဆင့်မြင့်လာလျှင် အစစအရာရာမြန်လာပြီး စရိတ်တွေကျကုန်သည်။ အောင်မြင်သော အသင်းအဖွဲ့တွေသည် မြန်မြန်ဆန်ဆန် အရေးယူဆောင်ရွက်နိုင်ကြသည်။ စီးပွားရေး ပတ်ဝန်းကျင်သစ် လျင်မြန်စွာ ပြောင်းလဲမှုကို ကြိုတင်၍ တုံ့ပြန်နိုင်စွမ်း၊ အတူလိုက် နိုင်စွမ်း ရှိသည်။

## ၃။ နည်းနည်းနှင့် ကျဲကျဲဝိုင်းနိုင်ရမည်

လူတိုင်းက နည်းနည်းနှင့် ကျဲကျဲဝိုင်းကြသည်။ နည်းနည်းနှင့် များများရအောင် လုပ်ကြသည်။ သို့သော် ဘာကိုကျဲမှာလဲ၊ ဘာများများရအောင် လုပ်မှာလဲဟု မေးစရာရှိ သည်။ အကျိုးစီးပွားချင်း ဆက်စပ်နေသူတွေ အမှန်တကယ် တန်ဖိုးထားသည့်အရာ

mgyoe.com

mgyoe.com


ခပ်များများ၊ သူတို့မလိုချင်တာ ခပ်နည်းနည်းလား။ အောင်မြင်သည့် ကုမ္ပဏီများသည် တန်ဖိုးထားမှုတွေအပေါ် လုံးဝအာရုံစိုက်သည်။ စရိတ်ချွေတာရုံမျှသာမက ရိုးရှင်းအောင် လုပ်ခြင်း၊ ဖောက်သည်တွေ၊ ဝန်ထမ်းတွေ တန်ဖိုးမထားသော အရှုပ်အရှင်းတွေကို ရှင်းပစ်ခြင်းတို့လုပ်သည်။ လူတိုင်း အလုပ်နှစ်ခု၊ သုံးခု လုပ်မည်။ တကယ်လိုသည့် အလုပ်တွေကို ပိုလုပ်သည်။

## ၄။ အကြောက်တရားကို လျှော့ချရမည်

စိတ်ပိုင်းဆိုင်ရာ အကျပ်အတည်း၏ အရင်းအမြစ်မှာ လူတွေက ဖြစ်လာသမျှ အခြေအနေကို မိမိတို့ ထိန်းချုပ်၍မရဟု ရှုမြင်ကြခြင်းဖြစ်သည်။ အောင်မြင်သော အဖွဲ့အစည်းများသည် အားကိုးရာမဲ့သည့် အခြေအနေကို ချိုးဖောက်ကာ သူတို့တတ်နိုင်သည့် အရာတွေကို အာရုံစိုက်အောင် လူတွေကို အကူအညီပေးသည်။ အကြောက်တရား အတော်များများသည် ဆွဲဆောင်မှုနည်းသော ရည်မှန်းချက်နှင့် ဦးတည်ချက် ရှင်းရှင်းလင်းလင်း မရှိခြင်းတို့ကြောင့် ဖြစ်သည်။ သူတို့ယုံကြည်လက်ခံနိုင်သော တာဝန်နှင့် မဟာဗျူဟာ လက်ထဲထည့်လိုက်သောအခါ ကြောက်နေသော ခွန်အားတွေကို ရလဒ်များအဖြစ် ပြောင်းလဲလိုက်ကြသည်။

ဘဝနှင့်ပတ်သက်၍ သေချာသောအရာတစ်ခုမှာ မသေချာခြင်း ဖြစ်သည်။ စက်ဘီးသမားကောင်းတွေလိုပင် အသင်းကောင်းများသည် ဘယ်လိုအခြေအနေနှင့် တွေ့တွေ့ အမြဲတမ်း ထူးချွန်ပြောင်မြောက်ကြသည်။ အခြေအနေကောင်းသည်ဖြစ်စေ၊ ဆိုးသည်ဖြစ်စေ၊ ဒီအချိန်က တခြားအချိန်တွေနဲ့ တူတာမဟုတ်ဘူးဟု ယုံကြည်သည် ဖြစ်စေ၊ မယုံကြည်သည်ဖြစ်စေ သေချာရေရာသော ရလဒ်တွေ ပေါ်ထွက်လာအောင် လုပ်နိုင်သည်။ အထက်၌ ဖော်ပြခဲ့သော ဥပဒေလေးခုကို အသုံးချနိုင်သည်။ ထိုဥပဒေများသည် မည်သည့်အခါမျှ မပြောင်းလဲ၊ ကိုယ့်ကို မည်သည့်အခါမျှ တွန်းချမည် မဟုတ်။

ထိုဥပဒေသတွေ၊ နိယာမတွေ တစ်ယောက်ယောက်ကို သင်ပေးလျှင် အကောင်းဆုံးသော လေ့လာနည်း ဖြစ်သည်။ သင်ပေးသူတွေက သင်ယူသူတွေထက် ပိုတတ်သည်မှာ ထုံးစံ ဖြစ်သည်။ လုပ်ဖော်ကိုင်ဖက်တစ်ယောက်၊ မိတ်ဆွေတစ်ယောက်၊ မိသားစုဝင် တစ်ယောက်ကို ကိုယ်သဘောပေါက်သမျှ သင်ပေးပါ။

❒

mgyoe.com

mgyoe.com



## ရာသီဥတုအပြောင်းအလဲကို ဟန့်တားခြင်း

ကမ္ဘာပေါ်တွင် အရေးကြီးသည့် ပြဿနာတွေများနေချိန်၌ ကမ္ဘာ့ခေါင်းဆောင် ၁၀၀ ကျော်က ဒိန်းမတ်နိုင်ငံ၊ ကိုပင်ဟောဂင်၌ နှစ်ပတ်ကြာ အစည်းအဝေး တက်ရောက်ကာ ရာသီဥတုပြောင်းလဲမှုနှင့် ပတ်သက်သော ကျိုတိုသဘောတူစာချုပ်ကို အသက်သွင်းရန် ကြိုးစားနေကြသည်။ တကယ်တော့ ရာသီဥတု ပြောင်းလဲမှုကြောင့် တွေ့ကြုံရမည့် ရလဒ်များသည် မသေချာမရေရာ၊ ဆုံးရှုံးနစ်နာမှုသည်လည်း သေသေချာချာ မရေမရာ ဖြင့် ရာသီဥတုပြောင်းလဲမှုကို ဟန့်တားရန် ကြိုးစားမှုကြောင့် ရရှိမည့် အကျိုးကျေးဇူး တွေကိုလည်း သေသေချာချာ မပြောနိုင်။ ထို့ကြောင့် ရာသီဥတုပြောင်းလဲမှုအတွက် စရိတ်အကုန်အကျခံကြမည့်အရေးကို ဆွဲဆောင်ရန် ခက်ခဲနေသည်။

သို့သော် တစ်ဖက်၌ ဤမသေချာမရေရာမှုကြောင့်ပင် ပြဿနာကို အလေး ထားနေရခြင်း ဖြစ်သည်။ အကယ်၍ အပူချိန် နှစ်ဒီဂရီ၊ သုံးဒီဂရီလောက်သာ တက်မည်ဆိုလျှင် ပြဿနာမရှိ။ သို့သော် ဘယ်လောက်အထိ တက်မည်ကို သေသေ ချာချာ မသိ။ ခန့်မှန်းချက်တစ်ခုအရ တစ်ဒသမ တစ်ဒီဂရီစင်တီဂရိတ်မှ ခြောက်ဒသမ လေးဒီဂရီ စင်တီဂရိတ်အထိ ယခုရာစုနှစ်အကုန်တွင် တက်မည်ဟု ခန့်မှန်းသည်။ ၁ ဒသမ ၁ ဒီဂရီဆိုလျှင် ပြဿနာမရှိသော်လည်း ခြောက်ဒသမ လေးဒီဂရီဆိုလျှင် ပြဿနာအကြီးကြီး ရှိသည်။

ရာသီဥတုပြောင်းလဲမှုကို ရပ်တန့်နိုင်လျှင် ရရှိမည့် အကျိုးကျေးဇူးက ကြီးမား

mgyoe.com

mgyoe.com


သော်လည်း စရိတ်ကမကြီးလှ။ သေသေချာချာသာ မူဝါဒချမှတ်လုပ်ဆောင်နိုင်မည်ဆိုလျှင် ကမ္ဘာ့ထွက်ကုန်၏ တစ်ရာခိုင်နှုန်းဖြင့် လုံလောက်သည်။ အိမ်ထောင်စုတွေက သဘာဝဘေးရန်အတွက် အာမခံထားကြသကဲ့သို့ ကမ္ဘာကြီးလည်း ထိုအသုံးစရိတ်ကို အကုန်ခံထိုက်သည်။

ပြဿနာကို အားလုံးက သဘောတူလက်ခံကြခြင်းသည် ပထမဆုံးအဆင့်သာရှိသေးသည်။ ၁၉၉၂ ခုနှစ်တွင် ကျိုတိုသဘောတူစာချုပ်ကို လက်မှတ်ရေးထိုးပြီးချိန်မှစ၍ ကမ္ဘာတစ်ဝန်းတွင် ကာဗွန်ဒိုင်အောက်ဆိုဒ်ဓာတ်ငွေ့ ထုတ်လွှင့်မှု သုံးပုံတစ်ပုံ တိုးတက်လာခဲ့သည်။ ပြဿနာမှာ မီးခိုးအနည်းငယ်သာ ထုတ်လွှတ်သော နည်းပညာတွေ မရှိ၍မဟုတ်ပေ။ နျူကလီးယား၊ ရေအား၊ ဇီဝနည်း၊ လေအား၊ နေ တို့ကို အသုံးပြုကာ လျှပ်စစ်ဓာတ်အား ထုတ်လုပ်နိုင်သည်။ မော်တော်ကားတွေကို လျှပ်စစ်ဖြင့် လည်းကောင်း၊ ဇီဝလောင်စာဖြင့်လည်းကောင်း လည်ပတ်နိုင်သည်။ တစ်ဖန် စရိတ်စကလည်း ကြီးလှသည်မဟုတ်။ ဘဏ်တွေကိုကယ်ရန် ကမ္ဘာ့ထွက်ကုန်၏ ငါးရာခိုင်နှုန်းသုံးခဲ့ရရာ ထိုမျှလောက် အများအပြား အကုန်ခံစရာမလို။

ပြဿနာမှာ ကုန်ကျစရိတ်ကို မည်သို့ခွဲဝေကျခံကြမည်ဆိုသည့်ကိစ္စဖြစ်သည်။ ဘယ်နိုင်ငံတွေက ဘယ်လောက်အကုန်အကျခံကြမည်ကို ဆုံးဖြတ်ရန်ဖြစ်သည်။ ပထမဦးဆုံး နိုင်ငံတကာသဘောတူညီချက်တစ်ခု ရှိရန်လိုသည်။ ဒုတိယအဆင့်တွင် ထိုသဘောတူညီချက်ကို နိုင်ငံအလိုက် အကောင်အထည်ဖော်ရမည်။ လက်ရှိမူဝါဒတွေထက် ပိုမိုပီပြင်သော မူဝါဒကို ချမှတ်ရမည်။ ကာဗွန်ဈေးနှုန်း သတ်မှတ်ရမည်။ မူဝါဒစနစ်မကျလျှင် စရိတ်စကသည် တစ်ရာခိုင်နှုန်းထက်ပိုသွားသည်။

တကယ်တော့ ကိုပင်ဟေဂင် ဆွေးနွေးပွဲ၏ အလားအလာမှာ ကျိုတိုမှာထက် အများကြီးကောင်းနေသည်။ စောစောပိုင်းက သဘောတူစာချုပ်ကို လက်မခံသော ဩစတြေးလျက ယခု လက်ခံအတည်ပြုလိုက်ပြီဖြစ်သည်။ အမေရိကန်၌ ဆီးနိတ်တွင် ဆွေးနွေးနေဆဲဖြစ်သော်လည်း သမ္မတ အိုဘားမားက စိတ်အားထက်သန်နေသည်။ ဘရာဇီးလ်နှင့် မက္ကဆီကိုလို ဝင်ငွေ အလယ်အလတ်တန်းနိုင်ငံတွေက မီးခိုးထုတ်လွှင့်မှု လျှော့ချရေး လျာထားချက်တွေကို ကျေညာပ်ခဲ့ကြသည်။ တရုတ်နိုင်ငံကလည်း လျှော့ချမည်။

ဖွံ့ဖြိုးပြီးနိုင်ငံများက ၂၀၂၀ ပြည့်နှစ်တွင် မီးခိုးထုတ်လွှတ်မှုတွေကို ၁၉၉၀ ပြည့်နှစ် ထုတ်လွှတ်မှု၏ ၂၅ ရာခိုင်နှုန်းမှ ၄၆ ရာခိုင်နှုန်းအထိ လျှော့ချရန်လိုသည်။ ယခုအဆိုပြုချက်တွေက ၁၅ ရာခိုင်နှုန်းခန့်သာ လျှော့ချကြမည်ဖြစ်ပြီး အမေရိကက

mgyoe.com

mgyoe.com


လေးရာခိုင်နှုန်းသာ အဆိုပြုထားသည်။ ဖွံ့ဖြိုးဆဲနိုင်ငံတွေကလည်း လက်တွေ့လုပ်ပြရမည်။ တရုတ်က ၄၀ ရာခိုင်နှုန်းမှ ၄၅ ရာခိုင်နှုန်းအထိ လျှော့ချမည်ဟု တာဝန်ယူကတိပြုထားသည်။ အမေရိကန်က မကျေနပ်၊ လက်ရှိ လုပ်ထုံးလုပ်နည်းအတိုင်း ဆက်သွားကာ ဘာမျှ အထွေအထူးလုပ်စရာမလိုဘဲ လျာထားချက်ကို အလွယ်တကူ ရနိုင်သည်ဟုဆိုသည်။

ထွန်းသစ်စနိုင်ငံများက ရာသီဥတုပြောင်းလဲမှု လျော့ပါးအောင်၊ ရာသီဥတုပြောင်းလဲမှုကြောင့်ရသော ဒဏ်ရာဒဏ်ချက်များ လျော့ပါးအောင် ဆောင်ရွက်ရာ၌ ကုန်ကျမည့်စရိတ်ကို ဖွံ့ဖြိုးပြီးနိုင်ငံတွေက ထောက်ပံ့စေချင်ကြသည်။ တရုတ်က ဒေါ်လာ ၄၀၀ ဘီလျံ၊ ဥရောပသမဂ္ဂက ဒေါ်လာ ၁၅၀ ဘီလျံ ထောက်ပံ့မည်ဟု ဆိုသည်။ ဖွံ့ဖြိုးဆဲနိုင်ငံတွေက အမေရိကန်ကို အားမလိုအားမရဖြစ်နေသည်မှာလည်း မဆန်းလှ။ အမေရိကန်ကလည်း တရုတ်ကိုတားမရ။ သို့သော် တရုတ်နိုင်ငံတွင် မီးခိုးလျှော့ချရေးအတွက် သိသာထင်ရှားမည့် နည်းလမ်းတွေကို စတင်ကျင့်သုံးနေပြီ။

လက်တွေ့ပိုင်းကကြည့်ကြည့်၊ ကိုယ်ကျင့်တရားပိုင်းကကြည့်ကြည့် ချမ်းသာသည့် နိုင်ငံတွေက ဆင်းရဲသောနိုင်ငံတွေကို အကူအညီပေးသွားမှာလည်း အမှန်ပင် ဖြစ်သည်။ အချို့ ဖွံ့ဖြိုးဆဲနိုင်ငံများဆိုလျှင် ရာသီဥတုပြောင်းလဲမှုကို လျှော့ချရန် ငွေလုံလုံလောက်လောက် မရှိကြ။ သို့သော် အစိုးရပေးမည့် အကူအညီတစ်ခုတည်းကိုသာ အားကိုးနေရန်မလို။ အရင်းအနှီးဈေးကွက်တွေကို အားကိုးနိုင်သည်။ စွမ်းအားစုတွေကို ခွဲဝေဖြန့်ဖြူးရာတွင် အရင်းအနှီးဈေးကွက်တွေက အစိုးရတွေထက် ပိုကျွမ်းကျင်ကြသည်။ ဆင်းရဲသောနိုင်ငံများ၌ သန့်ရှင်းသော စွမ်းအင်ရရှိရေး ရင်းနှီးမြှုပ်နှံရာတွင် ကြုံတွေ့ရမည့် အန္တရာယ်နှင့် အခက်အခဲတွေ လျှော့ပါးစေရန်၊ ဈေးကွက်က အရင်းအနှီးတွေ စီးထွက်လာစေရန် ထောက်ပံ့ကြေးပေးသောနည်းဖြင့် ချမ်းသာသည့်နိုင်ငံအစိုးရတွေက အကူအညီပေးနိုင်သည်။

အကယ်၍ ကိုပင်ဟေဂင်၌ သဘောတူညီချက်ရပြီဆိုလျှင် သဘောတူညီချက်အတိုင်း ဥပဒေအရ နှောင်ဖွဲ့မှုရှိအောင် ဘယ်လိုလုပ်ကြမည်နည်းဆိုသော ပြဿနာရှိသေးသည်။ နိုင်ငံအလိုက် လျာထားသတ်မှတ်ချက်တွေကို ပြည်တွင်းမူဝါဒများဖြင့် အကောင်အထည်ဖော်ရမည်။ စီးပွားရေးလုပ်ငန်းတွေက သန့်ရှင်းသော ထုတ်ကုန်နှင့် လုပ်ငန်းစဉ်တွေမှာ ရင်းနှီးမြှုပ်နှံအောင် အားပေးရမည်။ မီးခိုးထုတ်လွှတ်မှုများသော ထုတ်ကုန်တွေ၊ လုပ်ငန်းစဉ်တွေ လျှော့ချစေရမည်။ ထိုအလုပ်တာဝန်တွေက ပို့ခက်

mgyoe.com

mgyoe.com


သည်။

ဈေးကွက်က ဖိဖိစီးစီးမလုပ်နိုင်သော နေရာမျိုးတွင် စည်းမျဉ်းစည်းကမ်းတွေ ချမှတ်ပေးရန်အတွက် မူဝါဒကောင်းကောင်း တစ်ခုလိုအပ်သည်။ ဥပမာ– အဆောက်အအုံများ၊ စက်ပစ္စည်းကိရိယာများက စွမ်းအင်ချွေတာသော အဆောက်အအုံနှင့် စက်ပစ္စည်းကိရိယာများ ဖြစ်စေရမည်။ သုတေသနလုပ်ငန်းတွေကို ထောက်ပံ့ကြေးတွေ ပေးရမည်။ အထိရောက်ဆုံးနည်းလမ်းတစ်ခုမှာ ဈေးနှုန်းသတ်မှတ်ပေးလျှင် ပတ်ဝန်းကျင် သန့်ရှင်းစေမည့်၊ မညစ်ညမ်းစေမည့် လုပ်ငန်းများတွင် ရင်းနှီးမြှုပ်နှံရန် စီးပွားရေး လုပ်ငန်းတွေကို အချက်ပြလိုက်သလို ဖြစ်သွားမည်။ စည်းမျဉ်းစည်းကမ်းတွေလို အသေးစိတ်လိုက်လုပ်နေစရာ မလို။ အခွန်ကောက်သလို ဝန်ထုပ်ဝန်ပိုးလည်းဖြစ်၊ ထောက်ပံ့ကြေးပေးသလို ရွေးချယ်စိစစ်မှုတွေ လုပ်စရာမလို။ အခြားမူဝါဒတွေထက် နှစ်ဆလောက် ထိရောက်သည်ဟုဆိုသည်။ ဘောဂဗေဒပညာရှင်တွေကလည်း သဘောကျသည်။ အစိုးရနှင့် စီးပွားရေးလုပ်ငန်းတွေကတော့ ထောက်ပံ့ကြေးတွေကို ပိုပြီး သဘောကျသည်။

ဥရောပကတော့ အကောင်းဆုံးလုပ်နေပြီ။ ကာဗွန်ဈေးနှုန်း သတ်မှတ်ကာ သက်ဆိုင်ရာနယ်ပယ်များတွင် မီးခိုးထုတ်လွှင့်မှု သိသိသာသာ လျှော့ချနိုင်သည်။ သို့သော် ထောက်ပံ့ကြေးပေးမှုကို အလွန်အားကိုးပြီး ကာဗွန်ဈေးနှုန်းကို အလေးပေးမှု နည်းသည်။ စီးပွားရေးပညာရှင်တွေက ကာဗွန်ဈေးနှုန်း ဒေါ်လာ ၄၀ ခန့် ဖြစ်သင့်သည် ဟု တွက်ရာ ဥရောပက ၁၃ ယူရိုဟု သတ်မှတ်သည်။ အမေရိကန်က ကျောက်မီးသွေးမှ လောင်စာထုတ်လုပ်ရန် ကြိုးပမ်းမှုကို ထောက်ပံ့ကြေးပေးမည်။ ကာဗွန်ဈေးနှုန်းကို ၁၂ ဒေါ်လာခန့်၌ သတ်မှတ်မည့် အလားအလာရှိရာ ၂၀၂၀ ပြည့်နှစ်၌ ဒေါ်လာ ၂၁ ခန့်အထိ တက်သွားသည့်တိုင်အောင် ဈေးကြီးသည်ဟု မဆိုသာ။

အစိုးရတွေ သဘောကျသော ထောက်ပံ့ကြေးပေးသည့်နှုန်းသည် ရေတိုတွင် အဆင်ပြေနိုင်သော်လည်း ရေရှည်တွင် အဆင်မပြေနိုင်။ မီးခိုးထုတ်လွှင့်မှုကို လျှော့ချရန် ပို၍ပင် ခက်စေနိုင်သည်။ အကယ်၍ ထိရောက်သောမူဝါဒမချနိုင်၍ စရိတ်တွေတက်လျှင် ကြိုးပမ်းအားထုတ်မှုများ မအောင်မမြင်ဖြစ်မည့် အလားအလာပိုများသည်။

❐

mgyoe.com

mgyoe.com



## နေရောင်သည် ရောဂါပိုးကို သေစေသည်

ပြည်သူလူထုအနေဖြင့် သက်ဆိုင်သည့်အတင်းအချက်အလက်တွေ မရကြလျှင် သူတို့၏ ဆန္ဒ၊ သူတို့၏သဘောထားကို ထုတ်ဖော်ပြောဆိုနိုင်မည်မဟုတ်။ ဖြေရှင်းနိုင်သည့် အလားအလာ လျော့နည်းသွားမည်။ မည်သူက ဆုံးဖြတ်ချက်တွေ ချနေမှန်းမသိ၊ မည်သို့ ဆုံးဖြတ်နေမှန်းမသိလျှင် ပြည်သူလူထုနှင့် အထင်အမြင်လွဲမှားမှုတွေ၊ ပေါက်ကွဲသည့်နည်း၊ အကြမ်းဖက်သည့်နည်းများဖြင့် ဆန္ဒထုတ်ဖော်မှုတွေ ဖြစ်ပေါ်တတ်သည်။ ပြည်သူလူထုကိုပေးသော ဝန်ဆောင်မှုများအကြောင်း ပြည်သူတို့မသိရှိလျှင် ထိုဝန်ဆောင်မှုတွေကို ရယူနိုင်ကြမည်မဟုတ်။ ဝန်ဆောင်မှုတွေပေးရကျိုးမနပ်၊ စရိတ်ကုန်ရကျိုး၊ ပင်ပန်းရကျိုးနပ်မည် မဟုတ်။ တစ်ဖန် ထိရောက်သော စီးပွားရေးလုပ်ရပ်တွေ ပေါ်ပေါက်လာစေဖို့၊ ပြည်သူလူထုနှင့် အစိုးရအကြား ဆက်ဆံရေးကောင်းတွေ ပေါ်ပေါက်လာစေဖို့ အရေးအတွက်လည်း သတင်းအချက်အလက်တွေ မှန်ကန်လျင်မြန်စွာချောမွေ့နေဖို့ လိုအပ်သည်။

အများအားဖြင့် ပုဂ္ဂလိကပိုင်ဖြစ်ဖြစ်၊ အများပိုင်ဖြစ်ဖြစ် အဖွဲ့အစည်းကြီးများသည် သတင်းအချက်အလက်တွေကို ကိုင်ထားတတ်ကြ၊ ထိမ်ချန်ထားတတ်ကြသည်။ ထိုသဘောထားကို အုပ်ချုပ်ရေးဆိုင်ရာ စည်းမျဉ်းစည်းကမ်းတွေကလည်း အထောက်အကူပြုသည်။ အစိုးရဌာနအချင်းချင်းအကြား၊ အစိုးရဌာနတစ်ခုအတွင်းရှိ ကဏ္ဍများ၊ နယ်ပယ်များအကြား၌ပင် ဆက်သွယ်ရေးလမ်းကြောင်းတွေ ပိတ်ဆို့နေကြ၊ ပြတ်တောက်နေတတ်ကြသည်။ သတင်းအချက်အလက်တွေ၊ ကိန်းဂဏန်းတွေကို လူ

mgyoe.com

mgyoe.com


တစ်ယောက် သို့မဟုတ် အုပ်စုတစ်စု၏ ပုဂ္ဂလိကပိုင်ဆိုင်မှုသဖွယ် ပြုမူလာကြသည်။ အထူးသဖြင့် ပြင်ပကို တာဝန်ခံမှုနည်းသော အဖွဲ့အစည်းများတွင် ဖြစ်လေ့ဖြစ်ထရှိသည်။ တစ်ဖက်တွင် ထိုသို့ သတင်းအချက်အလက်များ ထိမ်ချန်ထားခြင်း၊ ဖုံးကွယ်ထားခြင်းတို့သည် လုပ်ပိုင်ခွင့်ကို မတော်မတရားအသုံးပြုမှု၊ အလွဲသုံးမှု၊ ထိထိရောက်ရောက် အသုံးမပြုမှု၊ လုပ်ငန်းစဉ် မှားယွင်းမှု၊ မရိုးမသားပြုမှုတို့ကို ဖုံးကွယ်ထားရန်အတွက် အသုံးချစရာဖြစ်လာသည်။ အကြွင်းမဲ့လုပ်ပိုင်ခွင့်တွေကြောင့် အကြွင်းမဲ့ မှားယွင်းမှုတွေ၊ အကြွင်းမဲ့ အလုပ်မှားအကိုင်မှားတွေကို ဖြစ်ပေါ်စေသည်။ သတင်းအချက်အလက်များကို ထိန်းချုပ်နိုင်စွမ်း၊ လွှမ်းမိုးနိုင်စွမ်းသည်လည်း လုပ်ပိုင်ခွင့်ကဲ့သို့ပင် လူတွေအပေါ် မတော်မတရားအသုံးပြုမှုကို ဖြစ်စေနိုင်သည်။

ထို့ကြောင့် ပြည်သူ့အုပ်ချုပ်ရေးနယ်ပယ်၌ မြင်သာထင်သာရှိရေးဟူသည့် အခြေခံအုတ်မြစ်တစ်ရပ်အကြောင်းကို ပြောဆိုသည့်အခါ ပြည်သူလူထုနှင့် ဆက်သွယ်ဆက်ဆံရေး၊ အစိုးရက ရယူထားသော သတင်းအချက်အလက်များ၊ အများပြည်သူတို့ရယူပိုင်ခွင့်ရှိရေးဟူသော အချက်နှစ်ချက်ပါလာသည်။

## ပြည်သူလူထုနှင့် ဆက်သွယ်ရေး၊ ဆက်ဆံရေး

အစိုးရကထုတ်ပြန်သည့် သတင်းအချက်အလက်များ၊ ပြဋ္ဌာန်းချမှတ်သည့် ဥပဒေများ၊ နည်းဥပဒေများ၊ လုပ်ထုံးလုပ်နည်းများသည် အလွန်များပြားရှုပ်ထွေးသဖြင့် သာမန်ပြည်သူတို့ သဘောပေါက်ရန်ခက်သည်။ တစ်ဖန် အစိုးရ၏ လက်ဝယ်တွင် လူတစ်ဦးချင်းနှင့် ပတ်သက်၍လည်းကောင်း၊ စီးပွားရေးအဖွဲ့အစည်းများနှင့် ပတ်သက်၍လည်းကောင်း အချက်အလက်များလည်း ရှိနေသည်။ မွေးသေစာရင်း၊ အခွန်စာရင်းမှအစ ပညာရေးနှင့် ကျန်းမာရေးစာရင်းအဆုံး စာရင်းအမျိုးမျိုးရှိနေသည်။ အစိုးရဌာနများအနေဖြင့် ရဲမှတ်တမ်းလို၊ မြေစာရင်းလို၊ သန်းခေါင်စာရင်းလို ကိန်းဂဏန်းတွေကို လက်ဝါးကြီးအုပ်ခွင့်ရထားသည်။ မြင်သာထင်သာရှိရမည်ဟုဆိုရာတွင် သတင်းအချက်အလက်တွေ လူတွေရနိုင်သည်ဆိုရုံဖြင့် မပြီးပေ။ အစိုးရဘက်က ဆက်သွယ်လိုစိတ်၊ ဆက်ဆံလိုစိတ် အမှန်တကယ်ရှိရမည် ဖြစ်သကဲ့သို့ ထိထိရောက်ရောက် ဆက်သွယ်နိုင်၊ ဆက်ဆံနိုင်ရန်လည်း အမှန်တကယ် ကြိုးပမ်းအားထုတ်မှု ရှိရမည်ဖြစ်သည်။

ပြည်သူ့ဆက်ဆံရေးဆိုသည်မှာ စင်စစ်ပွင့်လင်းသော အစိုးရ၏ပုံသဏ္ဍာန်ကို လက်တွေ့ဖော်ဆောင်ခြင်းဖြစ်သည်။ အစိုးရအဖွဲ့အစည်းတွေ၏ လုပ်ပုံကိုင်ပုံကို မြင်သာ

mgyoe.com

mgyoe.com


စေသည်။ လူတန်းစားအလွှာမရွေး သတင်းအချက်အလက်တွေ ရရှိစေရသည်။ အစိုးရက ပေးအပ်သော၊ အစိုးရက အသုံးပြုသော သတင်းအချက်အလက်တွေ ရရှိစေရသည်။ အစိုးရက ပေးအပ်သော၊ အစိုးရက အသုံးပြုသော သတင်းအချက်အလက်များ၏ တိကျမှုအပေါ် မူတည်ပြီး အများပြည်သူတို့၏ လက်တွေ့ကျသော မျှော်မှန်းချက်များ ဖြစ်ပေါ်လာရသည်။ အစိုးရအပေါ် ယုံကြည်မှုကိုလည်း ဆက်လက်ထိန်းသိမ်းနိုင်သည်။ သို့ဖြစ်ရာ လူတစ်ဦးချင်း၊ လူအုပ်စုများအပေါ် အကျိုးသက်ရောက်မှုရှိသော ဆုံးဖြတ်ချက်များ၊ စည်းမျဉ်းစည်းကမ်းများ၊ ဌာနဆိုင်ရာလှုပ်ရှားမှုများ အပါအဝင် မည်သို့သော သတင်းအချက်အလက်တွေကို ပြည်သူလူထု သိခွင့်ရှိရမည်ဟုပင် ပြဋ္ဌာန်းသတ်မှတ်ကြရသည်။

အများပြည်သူကို ထုတ်ပြန်ပေးရမည့် သတင်းများထဲတွင်

၁။ သတင်းအချက်အလက်များကို ထိန်းသိမ်းထားသူအဖြစ် အစိုးရက ဆောင်ရွက်နေသည့် လုပ်ငန်းများ – မည်သည့်မှတ်တမ်းများကို ထိန်းသိမ်းထားပြီး ထိုမှတ်တမ်းများ မည်မျှခိုင်လုံကြောင်း၊

၂။ စီးပွားရေးလုပ်ငန်းတစ်ခုအနေဖြင့် အစိုးရက ဆောင်ရွက်နေသည့်လုပ်ငန်းများ – ဘယ်လောက်သုံးသည်၊ ဘာအတွက်သုံးသည်၊ ဘာကြောင့်သုံးသည်၊ သုံးလိုက်သဖြင့် မည်သည့်ရလဒ်တွေရသည်။

၃။ ဝန်ဆောင်မှုပေးသည့် လုပ်ငန်းတစ်ခုအနေဖြင့် အစိုးရက ဆောင်ရွက်နေသည့် လုပ်ငန်းများ – မည်သည့်ဝန်ဆောင်မှုတွေ ရရှိနိုင်သည်၊ မည်သည့်ဈေးနှုန်းဖြင့် မည်သည့်အရည်အသွေးတွေကို ရရှိနိုင်သည်၊ ဝန်ဆောင်မှုတွေကို မည်မျှအာမခံသည်တို့ ပါဝင်သည်။

ပွင့်လင်းလွတ်လပ်သော ဆက်သွယ်ရေး ဆက်ဆံရေးသည် တစ်ဖက်တွင် နှစ်ရှည်လများ အမြစ်တွယ်နေပြီးဖြစ်သော ဗျူရိုကရေစီအုပ်ချုပ်ရေး လုပ်ထုံးလုပ်နည်းများ၊ ဥပဒေအဟန့်အတားများနှင့် ယှဉ်ပြိုင်နေရသည်။ ပြင်ပပုဂ္ဂိုလ်များသို့ ခွင့်ပြုချက်မရှိဘဲ သတင်းအချက်အလက်များ ထုတ်ပေးခြင်း၊ ရယူခြင်းသည် တရားဥပဒေအရ တရားစွဲဆိုခံရနိုင်သည်။ လျှို့ဝှက်ချက်ဥပဒေနှင့် အခြားအလားတူ ဥပဒေများဖြင့် ငြိနိုင်သည်။ အုပ်ချုပ်ရေးနယ်ပယ်က လျှို့ဝှက်ရမည့်အတိုင်းအတာကို အဆင့်အတန်း အနိမ့်အမြင့် အနည်းအများ ခွဲခြားသတ်မှတ်လေ့ရှိသည်။ အချို့ အာဖရိကနိုင်ငံဆိုလျှင် အစိုးရအရာရှိများ၏ လိပ်စာကိုပင်လျှင် လျှို့ဝှက်အဆင့် သတ်မှတ်ထားသည်။ တစ်

mgyoe.com

mgyoe.com


ဖက်တွင် နိုင်ငံအတော်များများက အကြီးတန်းအရာရှိကြီးများ၏ အမည်နှင့် တယ်လီဖုန်း အမှတ်များကို အင်တာနက်တွင် တင်ထားသည်ကို တွေ့နိုင်သည်။

ဖွံ့ဖြိုးဆဲနိုင်ငံများနှင့် အသွင်ကူးပြောင်းဆဲ နိုင်ငံတော်များများ၌ ဘတ်ဂျက်နှင့် ပတ်သက်၍ မြင်သာထင်သာမရှိပေ။ ထိုအခါ ဥပဒေပြုရေးအပိုင်းနှင့် စာနယ်ဇင်းအပိုင်းက သေသေချာချာစိစစ်ခြင်း၊ နားလည်သဘောပေါက်ခြင်း၊ ဆွေးနွေးခြင်းတို့ မပြုလုပ်နိုင်။ အချို့နိုင်ငံများ၌ အောက်ခြေပြည်သူလူထု၏ တောင်းဆိုမှုအပေါ် မူတည်ပြီး ဘတ်ဂျက်ခွဲဝေပေးသည်။ ထိုသို့ ခွဲဝေပေးမှု အုပ်စုအမျိုးမျိုးအတွက် သီးခြားဖြန့်ဝေမှုကို အရပ်ဘက်အဖွဲ့အစည်းများက စိစစ်ဝေဖန်ကာ ၄င်းတို့၏ တွေ့ရှိချက်ကို ထုတ်ပြန်လေ့ရှိသည်။ အစိုးရက ဘတ်ဂျက်နှင့် ပတ်သက်၍ အများပြည်သူ ရှင်းရှင်းလင်းလင်း နားလည်သဘောပေါက်သည့်ပုံစံဖြင့် ထုတ်ပြန်ပေးရန် တာဝန်ရှိသည်။

အမှန်စင်စစ် မြင်သာထင်သာရှိမှုဆိုသည်မှာ နှိုင်းယှဉ်ပြီး ပြောကြခြင်းဖြစ်သည်။ မြင်သာထင်သာရှိမှု၏ အခြားတစ်ဖက်၌ ပုဂ္ဂိုလ်ရေးလုံခြုံမှု၊ အစိုးရဌာနများအတွက် တရားဝင် ရသင့်ရထိုက်သော လျှို့ဝှက်မှုများလည်းရှိနေသည်။ ဥပမာ - အဆင့်မြင့် မူဝါဒချမှတ်ရေး ဆွေးနွေးပွဲများတွင် လွတ်လွတ်လပ်လပ် ပွင့်ပွင့်လင်းလင်း ပြောဆိုဆွေးနွေးမှုများ၊ အရေးကြီးသောကိစ္စများနှင့် ပတ်သက်၍ လွတ်လွတ်လပ်လပ် ပေးသော အကြံဉာဏ်များကို လျှို့ဝှက်ထိန်းသိမ်းထားရသည်။ ထိုဆွေးနွေးချက်များ၊ အကြံဉာဏ်များ ပေါက်ကြားသွားခဲ့လျှင် အုပ်ချုပ်ရေးလုပ်ငန်းအတွက် အန္တရာယ်ရှိနိုင်သည်။ တရားဝင် မှတ်တမ်းတင်ရာ၌ အများပြည်သူတို့အတွက် အကျိုးမများလှသော အချက်အလက်တွေလောက်သာ ပါဝင်နိုင်သည်။ သို့သော် မည်သို့သောအပေးအယူမျိုး၊ လုပ်ငန်းမျိုးတွေက လျှို့ဝှက်ရမည်ကို တိတိကျကျသတ်မှတ်ထားရသည်။ အရေးကြီးသည့် ကိစ္စမှာ သတင်းအချက်အလက်တွေ ထုတ်ပေးခြင်းသည် ခြွင်းချက်ပြုသည့် ကိစ္စမဟုတ်။ သတင်းအချက်အလက်တွေကို ချန်ထားခြင်း၊ လျှို့ဝှက်ခြင်းသည်သာ ခြွင်းချက်ပြုရသည့် ကိစ္စဖြစ်သည်။ အကြောင်းပြချက်ခိုင်ခိုင်လုံလုံ၊ ရှင်းရှင်းလင်းလင်း ရှိမှသာလျှင် လျှို့ဝှက်သင့်သည်။ သတင်းအချက်အလက်တစ်ခုကို လျှို့ဝှက်အဆင့် ရှိထားသည်ဆိုလျှင် ထိုသို့လျှို့ဝှက်အဆင့်၌ အဘယ်ကြောင့် ထားရှိရကြောင်း သတ်မှတ်သည့် စံချိန်စံညွှန်းတွေကို မြင်သာထင်သာရှိရမည်၊ အများပြည်သူကို အသိပေးရမည်။

အင်တာနက်ကို အသုံးပြု၍ ပြည်သူလူထုနှင့် ဆက်သွယ်ဆက်ဆံမှုများ တိုးမြှင့်

mgyoe.com

mgyoe.com


လာသော်လည်း ဖွံ့ဖြိုးဆဲနိုင်ငံများ၌ ကွန်ပျူတာပိုင်ဆိုင်သုံးစွဲမှု နည်းပါးသေးပြီး သတင်းအချက်အလက် တစ်ပြုံတစ်ခေါင်းကြီးထဲမှ မိမိတို့လိုချင်သော အချက်အလက်များကို ရှာဖွေနိုင်စွမ်းနည်းပါသည်။ သတင်းနည်းပညာကို အသုံးပြုနိုင်သဖြင့် သတင်းအချက်အလက် ရယူသုံးစွဲရာတွင် ဆူကြဲနိမ့်မြင့် ကွာဟမှုကို ပိုမိုဆိုးဝါးစေနိုင်သည်။ အစိုးရများအနေဖြင့် အင်တာနက်ကို အသုံးပြု၍ ပြည်သူလူထုကို သတင်းအချက်အလက် ပေးခြင်း၊ ဝန်ဆောင်မှုပေးခြင်း ပြုလုပ်နိုင်သည်။ တစ်နေရာတည်းက အစိုးရဌာနပေါင်းစုံ၏ သတင်းအချက်အလက်များ၊ ဝန်ဆောင်မှုများကို ဖြန့်ဝေပေးနိုင်သည်။ ဤသို့ လုပ်ဆောင်ရန်အတွက် အစိုးရဌာနမှာ အလျှုရှင်များ၏ တက်ကြွနိုးကြားမှုရှိရန် လိုအပ်သည်။

❐

mgyoe.com

mgyoe.com


## နေရောင်သည် ရောဂါပိုးကိုသေစေသည် (၂)

သတင်းအချက်အလက်များ ပိုမိုရရှိခြင်း၊ ဆက်သွယ်ရေးနည်းပညာများ ပိုမို တိုးတက်လာခြင်းကြောင့် သတင်းအချက်အလက်များကို သုံးစွဲမှုမြင့်မားလာမည်ဟူ၍ အာမမခံနိုင်ပေ။ အကယ်၍ ပညာရေး အဆင့်အတန်း နိမ့်ကျနေလျှင်သော် လည်းကောင်း၊ နိုင်ငံသားများသည် အခြေခံဝန်ဆောင်မှုများကိုပင်လျှင် ရယူခြင်းမပြုနိုင်ဘဲ စီးပွားရေးလုပ်ငန်းများ လုပ်ဆောင်ခြင်းမပြုနိုင်လျှင်သော်လည်းကောင်း သတင်းအချက်အလက်များ သုံးစွဲမှု မြင့်မားလာနိုင်မည် မဟုတ်ပေ။ နိုင်ငံရေးလှုပ်ရှားမှုများနှင့် ကင်းကွာနေခြင်း၊ သူတို့၏ ပူးပေါင်းပါဝင်မှုသည် အရေးမပါဟု ယူဆလျှင်လည်း သတင်းအချက်အလက်များကို စိတ်ဝင်စားကြမည် မဟုတ်ပေ။ သို့ဖြစ်၍ အကြောင်းအရာအမျိုးမျိုးနှင့် ပတ်သက်၍ သတင်းအချက်အလက်များရှိနေကြောင်း၊ ထိုသတင်းအချက်အလက်များ အသုံးဝင်ကြောင်း လူတွေကို အသိပေးရမည်။ သတင်းအချက်အလက်တွေကိုယ်တိုင်က အသုံးလည်းဝင်၊ သုံး၍ရသောပုံစံအတိုင်းဖြစ်စေရမည်။ အများအားဖြင့် နိုင်ငံသားတွေက သတင်းအချက်အလက်တွေကို စိတ်မဝင်စားကြခြင်းသည် သဘာဝကျသည်။ သတင်းအချက်အလက်တွေသည် အသုံးမဝင်ခြင်း၊ အခွင့်အလမ်းတွေကို ရယူနိုင်သည့် အနေအထားမှာ မရှိခြင်းတို့ကြောင့် သတင်းအချက်အလက်တွေနှင့် သူတို့ မဆီလျော်ခြင်း ဖြစ်နိုင်သည်။

ဖွံ့ဖြိုးပြီးနိုင်ငံအတော်များများ၊ ဖွံ့ဖြိုးဆဲနှင့် အသွင်ကူးပြောင်းနေသော နိုင်ငံအများစု၌ ပြည်သူ့ရေးရာမှတ်တမ်းမှတ်ရာများ စီမံခန့်ခွဲမှု သိသိသာသာ ကောင်းမွန်

mgyoe.com

mgyoe.com


တိုးတက်ရန်လိုအပ်သည်။ အစိုးရအဖွဲ့အစည်းများကို မှတ်တမ်းများနှင့်ပတ်သက်၍ သတ်မှတ်ရန်၊ အမျိုးအမည်ခွဲခြားရန်၊ ထိန်းသိမ်းရန်တို့အပြင် အချိန်မည်မျှကြာပြီးနောက် အများပြည်သူက တောင်းဆိုလျှင် အသိပေးရမည်ဆိုသည့် ကာလသတ်မှတ်ချိန်ကိုပါ ပြဋ္ဌာန်းခွင့်ပြုရန် ဥပဒေအရ တာဝန်ပေးထားရမည်။ အများပြည်သူတွေ စစ်ဆေးနိုင်ရန် လည်း နည်းပညာဝေါဟာရမသုံးဘဲ အလွယ်တကူနားလည်နိုင်သည့် ဝေါဟာရသုံးစွဲ၍ ရေးသားပြုစုရန် ထပ်တူထပ်မျှ အရေးကြီးသည်။ ဤလုပ်ငန်းများသည် စရိတ်လည်း ကုန်၊ အချိန်လည်းပေးရကာ အမြဲတမ်းဆောင်ရွက်နေရန် လိုအပ်သည်။ အများပြည်သူ နှင့် ဆိုင်သော မှတ်တမ်းမှတ်ရာများ ပိုမိုကောင်းမွန်အောင် လုပ်ဆောင်ခြင်း၊ အများ ပြည်သူတို့သိရှိစေရန် ထုတ်ပြန်ခြင်းသည် သတင်းထုတ်ပြန်ခြင်းကြောင့် စရိတ်ထက် အကျိုးကျေးဇူးက ကြီးမားသောနယ်ပယ်များတွင် စူးစိုက်ဆောင်ရွက်သင့်သည်။

ဖွံ့ဖြိုးဆဲနိုင်ငံများ၌ ဤသို့ဆောင်ရွက်သောအခါ နိုင်ငံလိုက်၍ စရိတ်နှင့် အကျိုးကျေးဇူးခြားနားနိုင်သည်။ သို့သော် ရသုံးမှန်းခြေငွေစာရင်းနှင့် ပစ္စည်းဝယ်ယူရေး နယ်ပယ်တို့တွင် မှတ်တမ်းမှတ်ရာ ကောင်းကောင်းမွန်မွန် ထိန်းသိမ်းရေးနှင့် အများ ပြည်သူသို့ အသိပေးရေးသည် နေရာတိုင်းမှာလိုလို အကျိုးရှိစေနိုင်သော ကိစ္စများဖြစ် သည်။

အစဉ်အလာအားဖြင့် အစိုးရ၏ ပြည်သူ့ဆက်ဆံရေးတာဝန်ကို မိမိ၏ လုပ်ငန်း အကြောင်း သိရှိစေရန် ဝါဒဖြန့်သည့်လုပ်ငန်းစဉ်နှင့် ထပ်တူထပ်မျှ လုပ်လေ့ရှိသည်။ အစိုးရ၏ ဆုံးဖြတ်ချက်များကိုလည်း စိစစ်ပြီးမှ ထုတ်ပြန်လေ့ရှိသည်။ အချို့အစိုးရများ က ပြည်သူ့သတင်းဌာနများကို တမင်တကာပင် သတင်းအမှားများပေးရန်အတွက် အသုံးချတတ်သည်။ လွတ်လပ်သော၊ စွမ်းဆောင်ရည်ရှိသော သတင်းဌာနများ အပြည့် အဝ မရှိသည့် ဖွံ့ဖြိုးဆဲနိုင်ငံများ၌ပင် ဤသို့ဖြစ်တတ်သည်။ အုပ်ချုပ်မှု ပိုမိုကောင်းမွန် ရေးနှင့် နည်းပညာတိုးတက်လာမှုတို့ကြောင့် အစိုးရသတင်းဌာနများ၏ အစဉ်အလာ သတ်မှတ်ထားသော အခန်းကဏ္ဍကို ကျယ်ကျယ်ပြန့်ပြန့် မြင်သာထင်သာရှိမှုဘက်သို့ ပြန်လည်ပုံသွင်းရန် လိုအပ်သည်။

နိုင်ငံအဆင့်နှင့် အောက်အဆင့်များ၌ တာဝန်လေးရပ်ကို ထမ်းဆောင်ကြမည့် အရည်အချင်းပြည့်ဝသော ပြည်သူ့သတင်းအရာရှိများ လိုအပ်သည်။ ၄င်းတို့သည် ၁။ စိတ်ချအားကိုးနိုင်သော သတင်းအချက်အလက်များကို အများပြည်သူတို့သို့ ထုတ်ပြန်ပေးခြင်း၊ ၂။ အစိုးရနှင့် ပြည်သူလူထုအကြားတွင် ဆက်သွယ်ရေး လမ်း

mgyoe.com